# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၈ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၆၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြားစဉ်။

# ဝါအထွက်နှုန်းများတိုးတက်စေရေး လိုအပ်သည့်စိုက်နည်းစနစ်များ၊ သွင်းအားစုများ စီမံတွက်ချက်ဆောင်ရွက်ရန်လို

# အဆင့်မီသည့် ချည်ထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းများ တိုးတက်လာပြီး နိုင်ငံအတွက်လိုအပ်သည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်

နေပြည်တော် မတ် ၇

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

## ယနေ့ ဖတ် စ ရာ

လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ — ဆောင်းပါး စာ ၁၀

အားကစားပွဲများအတွက် စင်ကာပူက ဒေါ်လာ ၁၆၅ သန်း ရင်းနှီးမြှုပ်နှံမည် — နိုင်ငံတကာသတင်း စာ ၁၃

ကျင့်ဝတ်လိုက်နာခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်သည့် အနာဂတ်ကို ဖန်တီးပုံဖော်ကြပါစို့ — ဆောင်းပါး စာ ၁၆

## အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ခန့်ရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဓိကကျသည့် အင်အားစုကြီးဖြစ်သည့် အမျိုးသမီးများ၏ အခွင့်အရေးနှင့်စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အလေးထားအကောင်အထည်ဖော်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မတ်လ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၅ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပကြသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၅၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။ နိုင်ငံ့လူဦးရေထက်ဝက်ကျော်ကို ကိုယ်စားပြုထားသည့်အမျိုးသမီးများသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးတွင် အရေးပါသည့် အင်အားစုဖြစ်သကဲ့သို့ နိုင်ငံအတွက် လွန်စွာအဖိုးတန်ပြီး အားကောင်းသည့်လူသားအရင်းအမြစ်များလည်း ဖြစ်ကြသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာ "Invest in Women: Accelerate Progress" "အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး" ဟူ၍ ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် ပထဝီနိုင်ငံရေး ပဋိပက္ခများမှသည် ဆင်းရဲမွဲတေမှုရေချိန်များ တစ်ရှိန်ထိုး မြင့်တက်လာမှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များ တစ်စတစ်စ မြင့်မားလာမှု စသည့်အခက်အခဲ အကျပ်အတည်းများစွာအထိ ရင်ဆိုင်နေရသည်။ အဆိုပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်ရေး၊ စီးပွားရေးအခွင့်အလမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များရရှိရေးတို့ အပါအဝင် ကျား-မ တန်းတူအခွင့်အရေးရရှိရေးကို ဦးတည်သည့် ကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် ပြဿနာများစွာကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ရှိပြီး နိုင်ငံအသီးသီးတွင်လည်း အဓိကအင်အားစုကြီးဖြစ်သည့် အမျိုးသမီးအင်အားစုကြီး၏ စွမ်းရည်ကို အသိအမှတ်ပြုကာ ကျား - မ တန်းတူအတူတကွဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိအောင် ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်သည်။ လုပ်ငန်းနယ်ပယ်အသီးသီးတို့၏ ဦးဆောင်မှုနှင့်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုတို့တွင် အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်စေရန် လမ်းဖွင့်ပေးခြင်း၊ အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းနှင့် ကျွမ်းကျင်မှုမြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ရန်လိုအပ်ပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍအပေါ် လူမှုအသိုက်အဝန်းတို့၏ သဘောထားအမြင်များ၊ အပြုအမူများကိုလည်း ပြုပြင်ပြောင်းလဲကျင့်သုံးသွားကြရန်လိုသည်။ မြန်မာနိုင်ငံတွင် "အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း" (၂၀၁၃-၂၀၂၂)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး (၂၀၂၃-၂၀၃၂) မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် ပြောင်းလဲတိုးတက်လာသည့် ခေတ်မီနည်းပညာများကိုအခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီးများ စွမ်းပကားမြင့်မားစေရေး၊ ကျေးလက်မြို့ပြကွာဟမှုမရှိစေရေးတို့ကို အလေးထားဦးတည်ပြီး ကောင်းမွန်ပြည့်စုံသည့် မဟာဗျူဟာစီမံကိန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် သမိုင်းစဉ်တစ်လျှောက် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်း ပါဝင်ခဲ့သည်ကို မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် တွေ့မြင်နိုင်သည်။ နိုင်ငံတွင် အများစုဖြစ်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍပေါင်းစုံ၌ အင်တိုက်အားတိုက် ပိုမိုပါဝင်လာနိုင်ရေး၊ စွမ်းရည်မြင့်မားသည့်အင်အားစုများအဖြစ် နိုင်ငံနှင့်ပြည်သူကို အလုပ်အကျွေးပြုနိုင်ရေးအတွက် အမျိုးသမီးကဏ္ဍပေါင်းစုံတို့တွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်နိုင်ကြရပါမည့်အကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အများအားဖြင့်သာယာမည်

နေပြည်တော် မတ် ၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၉-၂-၂၀၂၄) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၆-၁၂-၂၀၂၃)နေ့မှ (၁၆-၂-၂၀၂၄) နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်းတစ်ဦးနှင့် အထွေထွေ ၁၃ ဦး ပေါင်း ၁၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၉၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၈ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၀၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## (၇၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေဇယန္တာလမ်း ပြည်သာယာလမ်းဆုံမှ သုဝဏ္ဏတံတားအထိ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၇

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သောဝေဇယန္တာလမ်း ပြည်သာယာလမ်းဆုံမှ သုဝဏ္ဏတံတားအထိဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ဌာနမှူးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)** ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အဆိုပါလမ်းကို ဖြတ်သန်းကြည့်ရှု၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဝေဇယန္တာလမ်းသည် မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်တံတားမှ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏတံတားဟောင်းအထိ လမ်းအရှည် ၂၄၇၁၂ ပေ ရှိပြီး ရန်ကုန်မြို့၏ အဓိကကျသော လမ်းမကြီးတစ်လမ်းတွင်ပါဝင်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ခြောက်လမ်းသွားလမ်းမကြီးအဖြစ်ဆောင်ရွက်ခဲ့ပြီး အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) အနေဖြင့် ဘဏ္ဍာနှစ်များအလိုက် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ လမ်းပြုပြင်အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဝေဇယန္တာလမ်းကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် အုတ်ပုံဆိပ်တံတားမှ ပြည်သာယာလမ်းဆုံအထိ လမ်းအရှည် ၁၇၂၇၃ ပေကို ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ယနေ့ဖွင့်ပွဲတွင် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွင်းပြည်သာယာလမ်းဆုံမှ သုဝဏ္ဏတံတားအထိ အရှည် ၇၄၃၉ ပေကို ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း လမ်းအဆင့်မြှင့်တင်ဆောင်ရွက်၍ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။

❒ **မိမိတို့နိုင်ငံတွင် ဝါများစိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကို စနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်းမရှိသေး၊ လက်ရှိ ဝါစိုက်ဧက ၅ သိန်း၌ ၁ ဧကလျှင် ပိဿာချိန် ၇၀၀ ခန့် ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ် ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်၊ လက်ရှိထွက်ရှိနေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်**

❒ **ဝါဗိုင်းငင်သည့် စက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မီစွာဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်၊ ဝါစိုက်ပျိုးမှုများမှ ထွက်ရှိသည့် ဝါများကို ဗိုင်းငင်ခြင်းအားဖြင့် ဝါဂွမ်း၊ လင်တာဂွမ်း(အမျှင်တို) နှင့်ဝါစေ့များ ထွက်ရှိလာမည်**

❖ *ရွှေဖုံးမှ*

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် မိမိအနေဖြင့် ဝါထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါများ စိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကို စနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း၊ လက်ရှိ ဝါစိုက်ဧက ၅ သိန်း၌ ၁ ဧကလျှင် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက်၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်ရှိထွက်ရှိနေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစေလိုကြောင်း။

ဝါဗိုင်းငင်သည့် စက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မီစွာဖြင့် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ဝါစိုက်ပျိုးမှုများမှ ထွက်ရှိသည့် ဝါများကို ဗိုင်းငင်ခြင်းအားဖြင့် ဝါဂွမ်း၊လင်တာဂွမ်း(အမျှင်တို) နှင့်ဝါစေ့များ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ဝါစေ့များကို ဆီကြိတ်သည့် လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဆီစက်လုပ်ငန်းများလည်းပေါ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဝါစေ့ကြိတ်ဖတ်များအား တိရစ္ဆာန်အစာများအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါဂွမ်းများမှတစ်ဆင့် ချည်ထည်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့်ရက်ကန်းစက်များ လည်ပတ်နိုင်ခြင်း၊ ရရှိလာသည့် အထည်အလိပ်များကို အထည်ချုပ်လုပ်ငန်းများ လုပ်ကိုင်ခြင်း စသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ချည်မျှင်နှင့် အထည်အလိပ်နှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်ခြင်းကြောင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

လက်ရှိဝါစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် တိုင်းပြည်စီးပွားရေးကို ကောင်းမွန်တိုးတက်အောင် အထောက်အကူပြုနိုင်ရမည်ဖြစ်ကြောင်း၊ ဝါအထွက်နှုန်းများတိုးတက်စေရေး လိုအပ်သည့် စိုက်နည်းစနစ်များ၊ သွင်းအားစုများနှင့် အောင်ရေများရရှိရေးအတွက် ရေရှည်ကို ကြည့်၍ စီမံတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးထွက်ရှိသည့် ဝါများကို သိုလှောင်၍ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် အလုပ်လက်မဲ့ရာခိုင်နှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကအားဖြင့် ဝါအထွက်နှုန်းများတိုးတက်စေရေး ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်သဖြင့် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း။

ထွက်ရှိလာသည့် ဝါများအား ကုန်ချောချည်နှင့် ပိတ်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝတ်ရေးနှင့်ပတ်သက်၍ ဖူလုံသင့်သလောက်ဖူလုံမှုမရှိသဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ အဆင့်မီသည့် ချည်ထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းများ တိုးတက်လာပြီး နိုင်ငံအတွက် လိုအပ်သည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါအထွက်နှုန်းများ တိုးတက်စေရေးနှင့် ဝါကုန်ကြမ်းများမှ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးလိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

## ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဝါစိုက်ပျိုးမှုဧကနှင့်ထွက်ရှိမှု၊ ပြည်တွင်းမှထွက်ရှိသည့် ဝါကုန်ကြမ်းအပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိက ဝါကြိတ်စက်ရုံများမှ ကြိတ်ခွဲထုတ်လုပ်နိုင်မှု၊ ဝါကြိတ်စက်များလိုအပ်မှုနှင့် ဝါကြိတ်ခွဲပုံအဆင့်ဆင့် လုပ်ငန်းဆောင်ရွက်မှု၊ ပြည်ပနိုင်ငံများမှ အသုံးပြုလျက်ရှိသည့် ဝါကြိတ်စက်များ၏ အလုပ်လုပ်ပုံအဆင့်ဆင့်နှင့် ချည်ချောများ ထုတ်လုပ်မှုအဆင့်ဆင့်၊ ပြည်ပမှချည် ထုတ်လုပ်မှုအတွက်လိုအပ်သည့် ကုန်ကြမ်းများ ဝယ်ယူတင်သွင်းရမှုနှင့် ပြည်တွင်းမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်ပသို့ နှစ်စဉ်တင်ပို့နေမှု၊ ပြည်တွင်းမှထွက်ရှိသည့် ဝါအမျိုးအစားအလိုက် ချည်မျှင်စက်ရုံများမှ ချည်များ ရက်လုပ်နိုင်မှု၊ ပြည်တွင်း၌ နိုင်ငံတော်ပိုင်ဘိလပ်မြေစက်ရုံများနှင့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံများမှ လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာ အရည်အသွေးကောင်းသော (A)အဆင့်ရှိဝါများပြောင်းလဲစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ထွက်ရှိလာသည့် ဝါကုန်ကြမ်းများကို ချည်မျှင်ထုတ်လုပ်နိုင်ရေးနှင့် ပိတ်အဖြစ်ပြောင်းလဲထုတ်လုပ်နိုင်ရေး စက်ကိရိယာများလိုအပ်ကြောင်း၊ ချည်ချောများ ထုတ်လုပ်နိုင်ရေး၊ ပိတ်အဖြစ်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းများအလိုက် ဦးတည်ချက်များချမှတ်၍ တစ်ဆင့်ချင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး သိရှိလိုသည်များ မေးမြန်းကာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **ဝါစေ့များကို ဆီကြိတ်သည့် လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဆီစက်လုပ်ငန်းများ လည်ပတ်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဝါစေ့ကြိတ်ဖတ်များအား တိရစ္ဆာန်အစာများအဖြစ် ထုတ်လုပ်နိုင်မည်၊ ဝါဂွမ်းများမှတစ်ဆင့် ချည်ထည်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ရက်ကန်းစက်များ လည်ပတ်နိုင်ခြင်း၊ ရရှိလာသည့် အထည်အလိပ်များကို အထည်ချုပ်လုပ်ငန်းများလုပ်ကိုင်ခြင်း စသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ချည်မျှင်နှင့် အထည်အလိပ်နှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်ခြင်းကြောင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်**






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၇**

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် ဝူရှူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ "၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ် အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/မယ်များသည် မိမိတို့၏ အစွမ်းအစအရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့်အသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေးသောခွဲ၊ စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် စည်းကမ်းနှင့်အညီ ပြောဆိုနေထိုင်ဆက်ဆံကြပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်သွားကြရန်နှင့် သတ်မှတ်ထားသော ပြိုင်ပွဲစည်းမျဉ်း/ စည်းကမ်းများကို လေးစားလိုက်နာ၍ နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး**(ဝဲပုံ)** အမျိုးသမီးအသက်(၁၂)နှစ်နှင့်အထက် ဝူရှူးထောက်လု (ချန်းချွမ်) ပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး ဝူရှူးဆန်းဆို(အတိုက်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို မတ် ၇ ရက်မှ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝူရှူးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ် အထိမ်းအမှတ်အခမ်းအနားဖြစ်မြောက်ရေး ကြိုတင်ပြင်ဆင်

**နေပြည်တော် မတ် ၇**

နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ နှစ် (၁၀၀) ပြည့် အခမ်းအနားကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေးနှင့် ရာပြည့်အထိမ်းအမှတ် အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု အခြေအနေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဒုတိယစာသင်နှစ်ဝက် စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



ထို့နောက် ဒုတိယဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားဖြစ်မြောက်ရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပါမောက္ခချုပ်နှင့် အခမ်းအနားဖြစ်မြောက်ရေးကော်မတီအလိုက် တာဝန်ရှိသူများက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အခမ်းအနား ကျင်းပမည့်အစီအစဉ်များ၊ တက္ကသိုလ် သမိုင်းမှတ်တမ်းပြုစုရေး၊ ပြခန်းများ ခင်းကျင်းပြသရေး၊ စပ်စာကို အသုံးပြု၍ အသားစားကြက်များ၏ ကြီးထွားနှုန်းကို လေ့လာခြင်း(Growth Performance of Broiler on Mixed Ration) စာတမ်းအပါအဝင် အသုံးချသုတေသန (Applied Research) စာတမ်းဖတ်ကြားရေး၊ ဖျော်ဖြေတင်ဆက်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ၊ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပရေး၊ စိုက်ပျိုးသီးနှံပုံစံ စိုက်ကွင်းစိုက်ကွက်များ၊ စာပေလှူပ်ရှားမှုများ၊ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘီးလင်း၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း မတ် ၇** - မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စု၊ ပြည်နယ်၊ မွမ်းမံ၊ နိုင်ထောက်ရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ငါးလမ်း၊ ကုန်ထုတ်တံတားတစ်စင်း၊ ရေပေးရေးလုပ်ငန်း သုံးခုနှင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ကျေးရွာခြောက်ရွာတွင် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းနှစ်လမ်း၊ ရွာတွင်း ဂဝံလမ်းနှစ်လမ်း၊ အခြားလုပ်ငန်းသုံးခုတို့ကို ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးလက်ဒေသနေပြည်သူများ၏ ဒေသထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူစွာ သယ်ပို့ပေးနိုင်မည်ဖြစ်ပြီး လိုအပ်လျက်ရှိသော သောက်သုံးရေများ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**စီးပွားရေးအခွင့်အလမ်းများဖော်ဆောင်ရာတွင် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်တို့ထက် ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် Logistic Transit မှ အခွင့်အလမ်းရအောင် ဖန်တီးနိုင်**






**နေပြည်တော် မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရေးရာလေ့လာရေးအဖွဲ့က စီစဉ်ကျင်းပသော ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ သုတေသနပညာရှင် ဦးကိုကို (ကိုကို – စက်မှုတက္ကသိုလ်)၊ မြန်မာလူမှုစီးပွားဖွံ့ဖြိုးမှု အဖွဲ့အစည်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဦး၊ Financial Management၊ Vancouver, Canada ငွေကြေးစီမံခန့်ခွဲမှုပညာရှင် ဦးဝီလျှံအောင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏စီးပွားရေး တည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေမည့် စီးပွားရေးမူဝါဒများ စနစ်တကျ ချမှတ်နိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံ၏တည်ရှိမှုအရ ကမ္ဘာတွင် လူဦးရေအများဆုံးနှင့် ဒုတိယအများဆုံး နိုင်ငံနှစ်နိုင်ငံအကြားတွင် ရှိနေပါကြောင်း၊ နှစ်နိုင်ငံလုံး၏ မဟာဗျူဟာအကျိုးစီးပွားတချို့သည် မြန်မာနိုင်ငံနှင့် သက်ဆိုင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယင်းနိုင်ငံများ လိုအပ်နေသည့် ကုန်စည်များ၊ ထုတ်ကုန်များကိုသာ အရည်အသွေးမီ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက အကြီးမားဆုံး ဈေးကွက်ကြီးများသည် လက်တစ်ကမ်းအနီးအနားတွင် ရှိနေပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထဝီစီးပွားရေးကို ကောင်းကောင်းအသုံးချနိုင်ရန်သာ လိုအပ်နေခြင်းဖြစ်ပါကြောင်း၊ ဦးဆောင်ဆွေးနွေးကြမည့် ပညာရှင်များဆီမှ တန်ဖိုးရှိသည့် ဆွေးနွေးသုံးသပ်ချက်များ၊ အကြံပြုချက်များ ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ပြင် မိမိတို့တွင် ပထဝီစီးပွားရေးအရ အားသာချက်များ၊ အခွင့်အလမ်းများ ရှာဖွေပြီး ဘယ်လိုအသုံးချနိုင်မည်ဆိုသည့် ဆွေးနွေးချက်၊ အကြံပြုချက်များကိုလည်း ရရှိလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ယနေ့ ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေး အကြံပြုချက်များအပေါ်တွင်လည်း တလေးတစား တန်ဖိုးထားပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် သိလိုသည်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းပူးပေါင်းပါဝင်ဆွေးနွေးကြစေလိုကြောင်း၊ နောင်တွင်လည်း အလျဉ်းသင့်သလို ယခုကဲ့သို့ ဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သဘာပတိအဖြစ် မြန်မာရေးရာလေ့လာရေးအဖွဲ့မှ သုတေသနပညာရှင် ဦးကိုကို (ကိုကို – စက်မှုတက္ကသိုလ်) က ဆောင်ရွက်ပြီး မြန်မာလူမှုစီးပွားဖွံ့ဖြိုးမှု အဖွဲ့အစည်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဦးနှင့် Financial Management၊ Vancouver, Canada ငွေကြေးစီမံခန့်ခွဲမှုပညာရှင် ဦးဝီလျှံအောင်တို့က ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

## ချိတ်ဆက်ဆောင်ရွက်သင့်

ဒေါက်တာဇော်ဦးက ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆက်စပ်နေမှု၊ ကုန်သွယ်ရေးအုပ်စုများ စုဖွဲ့ဆောင်ရွက်လာမှု၊ ပင်မဝင်ငွေရနိုင်မည့် စီးပွားရေးလမ်းကြောင်းများ၊ ဈေးကွက်ရှာဖွေရေး၊ ပို့ကုန်မြှင့်တင်ရေး၊ ကိုဗစ် – ၁၉ ကြောင့် ပြောင်းလဲသွားသည့် ကမ္ဘာ့ဈေးကွက်အခြေအနေ၊ ကိုဗစ် – ၁၉ ဖြစ်ပွားနေသည့်ကြားမှ ပြောင်းကုန်သည်များ၏ ကြိုးစားမှုကြောင့် ထိုင်းနိုင်ငံသို့ ပြောင်းများ တင်သွင်းနိုင်ခဲ့မှု၊ အိန္ဒိယနိုင်ငံသို့ ပဲများ ပိုမိုတင်သွင်းနိုင်ခဲ့မှု၊ အထည်ချုပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုမှ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိမှု၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် ပြည်ပသို့ လုပ်သားစီးဆင်းမှုများပြားသော်လည်း မိဘများ၊ မိသားစုများထံ ငွေများ လွှဲပြောင်းပေးပို့မှုမှ တစ်ဆင့် နိုင်ငံ့ဝင်ငွေရရှိမှု၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ပင်လယ်ရေကြောင်း ဆက်စပ်မှုရှိနေသည်ဖြစ်၍ အခွင့်အလမ်းများ ရှိနေမှု၊ ပထဝီနိုင်ငံရေး ကောင်းမွန်မှုအခြေခံ၍ ပထဝီစီးပွားရေး ကောင်းမွန်အောင် ပြောင်းလဲဖော်ဆောင်နိုင်မှု၊ မြန်မာနိုင်ငံက ဆောင်ရွက်သည့် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအတွက် မြန်မြန်စတင်၊ အခွန်အခရယူနိုင်သည့် အခြေအနေ၊ စီမံကိန်းလုပ်ငန်းတွင် ချေးငွေဖြင့် ပူးပေါင်းပါဝင်မှုမပြုလုပ်ဘဲ Passive Income ကိုသာ ရယူနိုင်ပါက ပိုမိုကောင်းမွန်မှု၊ ထိုင်းနိုင်ငံနှင့်လည်း စီးပွားရေးပိုမိုချိတ်ဆက်ဆောင်ရွက်သင့်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဦးဝီလျှံအောင်က ပထဝီနိုင်ငံရေး အယူအဆဘယ်လောက်ကျယ်ပြန့်လာနေသလဲ ဆိုသည်ကို နိုင်ငံတော်အကြီးအကဲ၏ ရုရှားနိုင်ငံ၌ ပြောကြားခဲ့သော မိန့်ခွန်းနှင့်စတင်လိုမှု၊ နိုင်ငံတော်အကြီးအကဲက အာရှ – ပစိဖိတ်ဒေသသည် ပထဝီနိုင်ငံရေးအနေအထားအရ ကမ္ဘာပေါ်တွင် လွန်စွာ အရေးပါသော ဒေသတစ်ခုဖြစ်ကြောင်း၊ အာရှ – ပစိဖိတ်ဒေသသည် ကမ္ဘာ့စီးပွားရေးဈေးကွက်၏ သုံးပုံတစ်ပုံခန့်ကိုလည်း ပိုင်ဆိုင်ထားပြီး အရေးပါသော အဓိက ပင်လယ်ရေလမ်းကြောင်းများတည်ရှိရာ ဒေသတစ်ခုလည်းဖြစ်ကြောင်း စသည်ဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပသည့် (၉) ကြိမ်မြောက် မော်စကို နိုင်ငံတကာလုံခြုံရေး ညီလာခံ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က တက်ရောက်ဆွေးနွေးရာ၌ ထည့်သွင်းပြောကြားခဲ့မှု၊ မြန်မာနိုင်ငံပါဝင်သည့် အာရှ – ပစိဖိတ်ဒေသသည် စီးပွားရေးအရဖြစ်စေ၊ လုံခြုံရေးအရဖြစ်စေ လွန်စွာအရေးပါသည့် ဒေသတစ်ခုဖြစ်မှု။

ကမ္ဘာ့စီးပွားရေးတွင် အိမ်နီးချင်း တရုတ်နိုင်ငံ၏ စီးပွားရေးဖြန့်ကြက်ဖော်ဆောင်နေမှု၊ အင်အားကြီးနိုင်ငံများသည် စီးပွားရေးဖော်ဆောင်ရာတွင် မိမိနိုင်ငံအတွက် အမျိုးသားအကျိုးစီးပွားထားရှိဆောင်ရွက်မှု၊ ပထဝီ နိုင်ငံရေးတွင် သူနိုင် – ငါရှုံး သဘောတရားကို အခြေခံသော်လည်း ပထဝီစီးပွားရေးတွင် သူနိုင်–ငါနိုင် အကျိုးစီးပွားကို အခြေခံမှု၊ မြန်မာနိုင်ငံ၏ ပင်မဝင်ငွေစီးကြောင်းများကို ဖော်ထုတ်သင့်မှု၊ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံတို့မှာ စုစုပေါင်း လူဦးရေ သန်း ၃၀၀၀ ကျော်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းရှိမှု၊ စီးပွားရေးအခွင့်အလမ်းများဖော်ဆောင်ရာတွင် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်တို့ထက် ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် Logistic Transit မှ အခွင့်အလမ်းရအောင် ဖန်တီးနိုင်မှု၊ ကုန်သွယ်ရေးတွင် သယ်ယူပို့ဆောင်ရေးသည်အရေးပါပြီး စရိတ်သက်သာသည့် လမ်းကြောင်းများ ဖော်ဆောင်သင့်မှု၊ မြန်မာနိုင်ငံ ကမ်းရိုးတန်းပိုင်ဆိုင်မှုအပေါ် အခြေခံပြီး ရေကြောင်းကုန်သွယ်မှု၊ ရေထွက်ကုန်တို့မှ ဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်မှု၊ ထို့ပြင် လောင်စာဆီနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မှု၊ ရန်ကုန်စတော့အိတ်ချိန်းကို ပိုမိုအသက်ဝင်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ နိုင်ငံ့စီးပွားရေး တိုးတက်ရေးအတွက် အခြားနိုင်ငံမှ ပုံတူကူး၍မရဘဲ မှီငြမ်းပြီး မိမိတို့နှင့် ကိုက်ညီသည့်ပုံစံကို ဆောင်ရွက်သင့်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

## ဆွေးနွေးပြောကြား

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကတည်းက ပြင်ဆင်ထားမှုများ၊ ယခုကာလ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ နှစ်ပေါင်းများစွာ ရောဝတီ မြစ်ကူးတံတားတစ်စင်းသာ ရှိခဲ့ရာမှ နဝတ၊ နယက လက်ထက်တွင် မြစ်ကူးတံတားပေါင်းများစွာ တည်ဆောက်နိုင်ခဲ့သဖြင့် မြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ရခိုင်ပြည်နယ်တွင် လမ်းများ ဖောက်လုပ်ပေးခဲ့မှု၊ ကျောက်ဖြူ စီမံကိန်းကိုလည်း ယခင်နှစ်ပေါင်းများစွာကပင် စဉ်းစားပြင်ဆင်ခဲ့မှု၊ မြစ်ဆုံစီမံကိန်းသာ ဆောင်ရွက်နိုင်ခဲ့ပါက နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်မည့်အခြေအနေ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့်ပူးပေါင်း၍ ဆက်သွယ်ရေးလမ်းကြောင်းများ ဖောက်လုပ်ရန် စီစဉ်ခဲ့သည့် အခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ Dry Port Zone များ တည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ လက်ရှိကာလ ပိတ်ဆို့မှုများနှင့် အစိုးရ၏ ဖြေရှင်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက သဘာဝအရင်းအမြစ်ကုန်သွယ်မှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မှု ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းသည် ပထဝီစီးပွားရေး၏ အချက်များဖြစ်မှု၊ ယနေ့ ကမ္ဘာ့နိုင်ငံများသည် Economic Nationalism ကို ပြောင်းလဲဖော်ဆောင်လာမှု၊ ဒေါ်လာအပေါ် မှီခိုသည့် စီးပွားရေးကို ကျော်လွှားနိုင်ရေး ကြိုးစားဆောင်ရွက်နေမှု၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များသာမက ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီးပွားရေးတိုးတက်မှုအတွက် တီထွင်ဆန်းသစ်ခြင်း၊ နည်းပညာနှင့်အညီ လုပ်ဆောင်ခြင်း၊ စွမ်းအင်လုံခြုံရေး၊ ငွေကြေးခိုင်မာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လာမှုတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကား ပြောကြားသည်။

## ပြန်လည်ဖြေကြား

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ အရာရှိများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒေါက်တာဇော်ဦးနှင့် ဦးဝီလျှံအောင်တို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အလုပ်ရုံဆွေးနွေးပွဲ သဘာပတိနှင့် ဆွေးနွေးဟောပြောသည့် ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဦးမောင်မောင်အုန်းတို့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာနှင့် ကမ္ဘာရေးရာ စာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၄)အစည်းအဝေးကျင်းပ



**ရန်ကုန် မတ် ၇**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နှင့် (မန္တလေး) တို့မှ ပါမောက္ခချုပ်ဆရာတော်များ၊ ဒုတိယပါမောက္ခချုပ် (သင်ကြား/စီမံ)ဆရာတော်များ၊ မော်ကွန်းထိန်း ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ညိုကြသည်။

**ညှိနှိုင်းတိုင်ပင်အဖြေရှာ**

ဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက အဖွင့်ဩဝါဒကထာ မြွက်ကြားရာတွင် "ဗုဒ္ဓသာသနာတော်ဟူသော အဖွဲ့အစည်းကြီး၏ သက်တမ်းသည် ယခုအခါနှစ်ပေါင်း ၂၅၀၀ ကျော် ရှိလာခဲ့ပြီဖြစ်ပြီး ထိုအဖွဲ့အစည်း (သံဃာ) ၏ အခြေခံစည်းမျဉ်းစည်းကမ်းများ (ဝိနည်း) ကောင်းမွန်မှန်ကန်ခြင်းနှင့် အဖွဲ့ဝင်ပုဂ္ဂိုလ် (သံဃာတော်) များက ထိုစည်းမျဉ်းစည်းကမ်းများကို လေးလေးစားစား လိုက်နာကျင့်သုံး အကောင်အထည်ဖော်နေကြပါကြောင်း၊ အဖွဲ့အစည်းတစ်ခု ရေရှည်ရပ်တည်နိုင်မှုသည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အယူအဆကွဲပြားမှုကို ရှောင်ရှားပြီး ညီညွတ်အဆင်ပြေရေးကို ရှေးရှုလျက် ညှိနှိုင်းတိုင်ပင် အဖြေရှာကာ မိမိတို့၏ တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း" မြွက်ကြားသည်။

**မဟာဌာနကြီးသုံးခုဖွဲ့စည်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က "နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နှင့် (မန္တလေး) တို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကျမ်းဂန်များကို အဓိကဘာသာရပ်များအဖြစ် သတ်မှတ်ပြီး ဝိနယပိဋကမဟာဌာန၊ သုတ္တန္တပိဋကမဟာဌာန၊ အဘိဓမ္မပိဋကမဟာဌာနဟူ၍ မဟာဌာနကြီး သုံးခု ဖွဲ့စည်းကာ အထူးပြုသင်ကြားလျက်ရှိပြီး အခြားသော ပိဋကတ်ဆိုင်ရာ ပါဠိစာပေ၊ မြန်မာစာပေ၊ အင်္ဂလိပ်စာပေနှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေး ပညာဘာသာရပ်တို့ကိုလည်း အထောက်အကူပြု ဘာသာရပ်များအဖြစ် သတ်မှတ်ပြီး ဌာနလေးခုဖွဲ့စည်းကာ မူရင်းပိဋကတ်ကျမ်းဂန်များ၏ အထောက်အကူပြုသဘောဖြင့် သင်ကြားလျက်ရှိပါကြောင်း။

ယနေ့ခေတ် နိုင်ငံတကာတက္ကသိုလ်များ၌ သင်ကြားလျက်ရှိသော ပိကတ်ကျမ်းဂန်များကို ခေတ်စနစ်နှင့်အညီ သင်ကြားနည်းစနစ်ပေါင်းစုံဖြင့် ချဉ်းကပ်လေ့လာသင်ယူ ပို့ချပေးနေခြင်းကြောင့် ပိဋကတ်ကျမ်းဂန်များကို စနစ်တကျ သင်ယူဆည်းပူးရာ ပရိယတ္တိပညာရေးဌာန ဖြစ်ပါကြောင်း၊ တက္ကသိုလ်၏ သင်ရိုးညွှန်းတမ်း စည်းမျဉ်းစည်းကမ်းများအရ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာ ဓမ္မာစရိယတန်း၊ သာသနတက္ကသီလ ဓမ္မပါရဂူတန်းဟူ၍ အတန်း သုံးတန်း သတ်မှတ်ထားပြီး သတ်မှတ်အရည်အချင်းများ အောင်မြင် ပြီးမြောက်သည့်အခါတွင်လည်း ဘွဲ့အမျိုးအစား သုံးမျိုးကို ဆက်ကပ်လှူဒါန်းပေးလျက် ရှိပါကြောင်း။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ပါမောက္ခချုပ်ဆရာတော်များ၊ ဒုတိယပါမောက္ခချုပ် ဆရာတော်များနှင့်တကွ သင်ကြား/စီမံ ဆရာတော်များ၏ သာသနာပြုသဒ္ဓါတရား အခြေခံဖြင့်စေတနာမေတ္တာတရားရှေ့ထားကာ သင်ကြားပို့ချမှု၊ သင်တန်းသား ရဟန်းတော်များ၏ ယုံကြည်ချက်သဒ္ဓါတရား ဝီရိယစွမ်းအားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အားပေးထောက်ပံ့ အလုပ်အကျွေး ပြုမှုဟူသော ထောင့်သုံးထောင့် ဟန်ချက်ညီစွာ ဆောင်ရွက်ကြပါက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက် ခရီးရောက်မည်ဟု ယုံကြည်ပါကြောင်း။

**တက်ညီလက်ညီကြိုးပမ်း**

ထိုသို့ သာသနာတက္ကသိုလ်များ၏ သာသနာပြုလုပ်ငန်းများ ဆက်လက် တိုးတက်အောင်မြင်စေရန် ဆရာဒကာ ညီညွတ်စွာဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဘုရားရှင်၏ အဆုံးအမတရားတော်များသည် နယ်စပ်တောင်တန်း ဒေသပါမကျန် ပြည်တွင်းမှသည် ပြည်ပသို့တိုင် ဝေစည်ထွန်းကားပြန့်ပွားစေလျက် ဗုဒ္ဓမြတ်စွာသာသနာသည်လည်း အနှစ်ငါးထောင်မကကြာအောင် အရှည်ခိုင်ခံ့တည်တံ့ထွန်းလင်းပြန့်ပွား တိုးတက်နိုင်ပါစေကြောင်း" ပြောကြားထားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တက္ကသိုလ်များဗဟိုပညာရေးအဖွဲ့ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် တင်ပြချက်များကို လျှောက်ထားသည်။

ထို့နောက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး) တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့်ပတ်သက်၍ အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒနသာရ က "ထောင့်သုံးထောင့်" တွင် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များအနေဖြင့် သဒ္ဓါကိုအခြေခံပြီး အခြားသော ကုသိုလ်ကံများကို ပွားများနိုင်မည်ဖြစ်၍ မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံ အပြုအမူ သုံးမျိုးကို အကောင်းဆုံးပြုမူဆောင်ရွက် လုပ်ကိုင်ကြစေလိုကြောင်း နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ ကြွရောက်လာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **သတင်းစဉ်**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် တနိုင်းမြို့ရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မဟာစည် သာသနာ့ရိပ်သာကျောင်းဝင်းအတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၄၅ ပါးတို့ကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံး စမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့်သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ တနိုင်းမြို့ မုန်ဒိန်ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများအား နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တနိုင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး(ဝဲပုံ) လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလား ပင်လယ်အော်အခြေအနေမှာ ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများသို့ ခရီးသွားများ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သော လှုပ်ရှားမှုများကိုပေါင်းစပ်ပြီး ခရီးစဉ်များရေးဆွဲဖော်ဆောင်ကြရန်လိုအပ်

**နေပြည်တော် မတ် ၇**

မကွေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ကျင်းပသည်။

ဖိုရမ်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှု အဖွဲ့များ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မကွေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဝန်ဆောင်မှုကောင်းမွန်ရေး၊ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းများ ဖြစ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ယနေ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ကျင်းပရခြင်းဖြစ်ကြောင်း။

**ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေး**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများသို့ ခရီးသွားများပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သော လှုပ်ရှားမှုများကို ပေါင်းစပ်ပြီး ခရီးစဉ်များရေးဆွဲဖော်ဆောင်ကြရန်လိုအပ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဘုရားဖူးခရီးသွားလုပ်ငန်း၊ အပန်းဖြေခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အခြားခရီးသွားလုပ်ငန်း အမျိုးအစားများကို ဖော်ဆောင်နိုင်ကြောင်း၊ စာရင်းဇယားများအရ မကွေးတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ပြည်တွင်းခရီးသွားဝင်ရောက်မှု ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သကဲ့သို့ ပြည်ပခရီးသွား ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ကြစေရေးအတွက် ဈေးကွက်မြှင့်တင် ကြော်ငြာရေးလုပ်ငန်းများကိုလည်း အွန်လိုင်းမီဒီယာများမှတစ်ဆင့် ကျယ်ပြန့်စွာဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ (၁၂) လရာသီပွဲတော်ပြက္ခဒိန်ရေးဆွဲပြီး ခရီးသွားများကိုဆွဲဆောင်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရေး၊ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း ဖြစ်စေရေးအတွက် စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်တို့ကိုအခြေခံပြီး ဖော်ဆောင်နိုင်ရေးနှင့် မကွေးတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။




**ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားထုတ်ကုန်များ၊ ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည် ရောက်ရှိမှုအခြေအနေများ၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကပြဖျော်ဖြေပေးခဲ့ကြသော အကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဒေသထွက်အစားအစာများနှင့် ထုတ်ကုန်များခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါဖိုရမ်၏ ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ပညာရှင်များက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၏ အခန်းကဏ္ဍနှင့်လုပ်ငန်းစဉ်များ၊ မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးစဉ်ဒေသတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး အဖွဲ့လေးဖွဲ့ခွဲကာ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၁၆) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းကွန်ရက် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၇**

(၁၆) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းကွန်ရက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့် ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**






**အထောက်အပံ့ကောင်းများရရှိ**

အစည်းအဝေးတွင်မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ကျော်ဟန်က အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းကွန်ရက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ စုဆောင်းခြင်း၊ သုတေသနပြုခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများသို့သတင်းအချက်အလက်များ ပြန်လည်ဝေမျှပေးသဖြင့် အဖွဲ့ဝင်နိုင်ငံများမှ ရှေ့ဆက်လက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းများအတွက် လွန်စွာမှ အထောက်အပံ့ကောင်း များစွာ ရရှိသော ပလက်ဖောင်းတစ်ခု ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် ပိုမိုကြီးထွားကျယ်ပြန့်လာခဲ့ပြီး သုံးစွဲသူဦးရေလည်း များပြားလျက်ရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ လူလုပ် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် အဓိကအရင်းအမြစ်သည် ပရီကာဆာ ဓာတုပစ္စည်းများ ဖြစ်ပါကြောင်း၊ ပရီကာဆာဓာတုပစ္စည်းများသည်တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာ နေရာများသို့ ဝင်ရောက်လျက် ရှိကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပရီကာဆာ ထိန်းချုပ်ရေးကို အဖွဲ့ဝင်နိုင်ငံများက အဓိကဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းကွန်ရက်အစီရင်ခံစာသည် ဒေသတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုကို အဓိကထားပြီး အာဆီယံ၏ မူးယစ်ဆေးဝါး အခြေအနေများကို ကျယ်ပြန့်စွာသုံးသပ်ဖော်ပြခြင်း၊ မူးယစ်ဆေးဝါးအသစ်များ၊ လူလုပ်မူးယစ်ဆေးဝါးအသစ်များ၏ နောက်ဆုံးအခြေအနေများကို ဖော်ပြထားခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ အခြားသတင်းမှတ်တမ်းနှင့် သတင်းဖလှယ်မှုကို ASEAN-Narco ဝက်ဘ်ဆိုက်မှ ရယူနိုင်ခြင်းကြောင့် အလွန်အကျိုးကျေးဇူးများစွာ ရရှိပါကြောင်း ပြောကြားသည်။

**သုံးစွဲမှုပပျောက်ရေး**

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သန်းအေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းကွန်ရက်၏ ယခင်ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် အောင်မြင်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုကွန်ရက်အစီရင်ခံစာ အချက်အလက်ပြုစုမှုစနစ်နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု လျှော့ချရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုကွန်ရက်၏ လုပ်ငန်းစီမံချက် ၂၀၂၄ - ၂၀၂၅ နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**အခက်အခဲများကိုဖြေရှင်းရန်**

အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းကွန်ရက်ကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းကွန်ရက် အစည်းအဝေးများကို ကျင်းပရခြင်းသည် အာဆီယံနိုင်ငံများ၏ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းအစီရင်ခံစာတွင် ထည့်သွင်းထားသည့် အချက်အလက်များကို ပြန်လည်စိစစ်ရန်၊ online စနစ်အသုံးပြုပြီး အချက်အလက်များ ဖြည့်သွင်းရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေးဖြေရှင်းရန်၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် မိမိတို့၏ သတင်းအချက်အလက်များ မျှဝေဖလှယ်နိုင်ကြရန်အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပြည်ထောင်စုနယ်မြေအတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုနှင့် Biometric ကောက်ယူနေမှု ကြည့်ရှုအားပေး

နေပြည်တော်  မတ် ၇

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ဘူတာကြီး အပေါ်ထပ်ခန်းမ၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများကို ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။** (ယာပုံ)



**အချက်အလက်များမှန်ကန်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေအတွင်းရှိယာယီရွှေ့ပြောင်းနေထိုင်သူများကို သက်ဆိုင်ရာမြို့နယ် (၅) ဦး ကော်မတီအဖွဲ့ဝင်များက စိစစ်မေးမြန်း အတည်ပြုဆောင်ရွက်နေမှု၊ (၅) ဦး ကော်မတီ၏ ထောက်ခံချက်အရ မြို့နယ်ရုံးဝန်ထမ်းများက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို သတ်မှတ်ပုံစံများတွင် ဖြည့်သွင်းဆောင်ရွက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု အားပေးပြီး အချက်အလက်များ မှန်ကန်စေရေးအတွက် ကာယကံရှင်ပြည်သူများကို သေချာစွာ မေးမြန်းဖြည့်သွင်းရေး၊ နိုင်ငံသားကတ်ထုတ်ပေးနိုင်ရေးအတွက် ၎င်းတို့၏ အချက်အလက်များကို e-ID Server ရှိ အချက်အလက်များနှင့် စနစ်တကျ တိုက်ဆိုင်စိစစ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား ထုတ်ပေးပြီးသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) တစ်ပါတည်းကောက်ယူ၍ ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများကို e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ပြည်ထောင်စုနယ်မြေအတွင်းသို့ ယာယီရွှေ့ပြောင်း နေထိုင်သူပြည်သူများကို ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၈၁ စောင်နှင့် နိုင်ငံသားကတ်ပြား မရှိသေးသူ ၁၃၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြား ရရှိပြီးသူများကို တစ်ပါတည်း တစ်နေရာတည်းတွင် e-ID စနစ်အတွက် Biometric ကောက်ယူခဲ့ကြောင်း သိရသည်။

**ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူ၊ လဲလှယ်လျှောက်ထားသူ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှု၊ ယင်းသို့ဆောင်ရွက်ပြီးပါက e-ID စနစ်အတွက် Biographic/Biometric ကောက်ယူခြင်း လုပ်ငန်းကို တစ်ပါတည်းဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြား ရှိပြီးသူများကိုလည်း Biometric ကောက်ယူ၍ ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေဦးစီးမှူး ဦးအောင်ခိုင်ဆွေက ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ e-ID စနစ်အတွက် Biometric ကောက်ယူမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီး၊ အင်တာနက်ရရှိမှုနှင့် လုံခြုံရေး အခြေအနေအရ ဆောင်ရွက်မည့်နေရာကို သတ်မှတ်စုစည်း၍ တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စာရွက်စာတမ်းများလုံခြုံရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ဦးစီးမှူးရုံး၏ ရုံးအဆောက်အဦနှင့် ရုံးတွင်း/ရုံးပြင် သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်ထားရှိမှု၊ ရုံးစာရွက်စာတမ်းများနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် စာရွက်စာတမ်းများလုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မြိုင်ကြီးငူအထူးဒေသရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့

ဘားအံ  မတ် ၇

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၇ ရက် နံနက်ပိုင်းက မြိုင်ကြီးငူ အထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ အစရှိသော စားသောက်ကုန်ပစ္စည်းများ သွားရောက်ထောက်ပံ့ ပေးအပ်သည်။



ဦးစွာ မြိုင်ကြီးငူအထူးဒေသ အေးလင်းသာယာ ကျောက်စာကွင်းမွှာရုံ၌ မြိုင်ကြီးငူအထူးဒေသသို့ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့ပေး အပ်သည့် အခမ်းအနားကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ ယာယီပြောင်းရွှေ့နေထိုင်စဉ် ကာလအတွင်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ဂရုစိုက်ကြစေလိုပြီး တာဝန်ရှိသူများ၏ ပြောဆိုဆုံးမမှုကို နာခံကြစေလိုကြောင်း၊ စုစုစည်းစည်း နေထိုင်၍ တစ်ဦးနှင့် တစ်ဦး ချစ်ချစ်ခင်ခင်ဖြင့် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာ နေထိုင်ကြစေလိုကြောင်း အားပေးစကားများ ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြိုင်ကြီးငူအထူးဒေသတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၇၄၁ စု၊ လူဦးရေ ၄၀၃၇ ဦးအတွက် စုစုပေါင်းငွေကျပ် ၂၃၅၄၈၀၀၀ (နှစ်ရာ သုံးဆယ် ငါးသိန်းလေးသောင်းရှစ်ထောင်) တန်ဖိုးရှိ ဆန် ၂၄၇ အိတ်နှင့် ဆီပိသာ ၃၇၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြိုင်ကြီးငူအထူးဒေသတွင် ယာယီပြောင်းရွှေ့ နေထိုင်သော အိမ်ထောင်စုများအတွက် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ် မတ်လ ၇ ရက်နေ့အတွင်း ဆန်အိတ်ပေါင်း ၂၉၆၇ အိတ်၊ ဆီ ၂၁၁၆ ပိသာ၊ ပဲ ၂၁၉၉ ပိသာတို့အပြင် ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး အစရှိသော အခြေခံစားသောက်ကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် နှီးနွယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များမှလည်း ဆန်ရိက္ခာဖိုးငွေ၊ ကယ်ဆယ်ရေးပစ္စည်း၊ အဝတ်အထည်နှင့် အခြားလိုအပ်သော အသုံးအဆောင်ပစ္စည်းများကို အခါအားလျော်စွာ ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း တောင်ကြီးမြို့၌ဖွင့်



တောင်ကြီး  မတ် ၇

ရှမ်းပြည်နယ်အတွင်း ကျောင်းပြင်ပရောက်ရှိနေသော အသက် ၁၆ နှစ်မှ ၁၈ နှစ်အောက်ရှိ လူငယ်မောင်မယ်များအား မိသားစုများအတွက် သင့်တော်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ တောင်ကြီးမြို့ မွေတော်ကက္ကူလမ်း ချိန်ခါမီဓမ္မလုံးကောင်ကျောင်းတိုက်၌ လူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို မတ် ၇ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ချိန်ခါမီဓမ္မလုံးကောင်ကျောင်းတိုက် ကျောင်းအုပ်ကြီး ဒေါ်နန်းခမ်းကြွား ထံ စားစရိတ်ထောက်ပံ့ငွေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆရာမထံ သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

သင်တန်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသူ ၂၅ ဦး တို့ကို မတ် ၁၃ ရက်အထိ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

**မြန်မာ့အလင်း**







# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ (၂၇) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၇**

(၂၇) ကြိမ်မြောက် အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေး (27th ASEAN Senior Level Committee Meeting for Financial Integration) ကို ယနေ့တွင် Hybrid Format ဖြင့်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် အဆင့်မြင့်အရာထမ်းများက Virtual ဖြင့် တက်ရောက်ကြသည်။ **(ယာပုံ)**





ဦးစွာ အစည်းအဝေး၏ ပူးတွဲသဘာပတိများ ဖြစ်ကြသည့် လာအိုနိုင်ငံ ဗဟိုဘဏ်နှင့် စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့တို့မှ တာဝန်ရှိသူများက အဖွင့်အမှာစကား ပြောကြားကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လာအိုနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ၂၀၂၄ ခုနှစ် အတွင်း ဦးစားပေးဆောင်ရွက်မည့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အကျဉ်းချုပ် အချက်အလက်များကို လာအိုနိုင်ငံဗဟိုဘဏ်မှ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး အာဆီယံ + ၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+ 3 Macro economic Research Office–AMRO) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ASEAN Development Bank – ADB) တို့မှ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း၌ လက်ရှိဖြစ်ပေါ်နေသော မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေး အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Cooperation–AEC) ဆိုင်ရာ လုပ်ငန်းစဉ်များအောက်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်လုပ်ငန်းကော်မတီနှင့် အာဆီယံ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လုပ်ငန်းကော်မတီတို့၏ ပူးတွဲသဘာပတိများက ASEAN Interoperable Data Framework နှင့်စပ်လျဉ်းသည့် တိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒေသတွင်း ငွေပေးချေမှုဆိုင်ရာ ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်စေရေး လမ်းပြမြေပုံနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေကို အာဆီယံ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လုပ်ငန်းကော်မတီ၏ ပူးတွဲသဘာပတိနှင့် BIS Innovation Hub Singapore Centre တို့က ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework – ABIF)၊ ငွေလုံးငွေရင်းစာရင်း လွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization – CAL)၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး (Capital Market Development – CMD)၊ အားလုံးပါဝင်သောငွေရေးကြေးရေးကဏ္ဍ (Financial Inclusion – FINC)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization – FSL)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System – PSS)၊ စွမ်းဆောင်ရည် မြှင့်တင်ရေး ကြီးကြပ်ထိန်းကျောင်းမှုကော်မတီ (Steering Committee on Capacity Building – SCCB) တို့နှင့်စပ်လျဉ်းသည့် နောက်ဆုံးတိုးတက်မှုအခြေအနေကို လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများကရှင်းလင်းတင်ပြရာ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အာဆီယံ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းကော်မတီများက တင်ပြခဲ့သည့် Risk Monitoring Template (RMT) ကို အခြေခံ၍ ရေးဆွဲထားသော Risk Monitoring Report နှင့်စပ်လျဉ်း၍ အစည်းအဝေး၏ ပူးတွဲသဘာပတိများက ဆွေးနွေးကြသည်။

**ဘဏ္ဍာငွေဖြည့်ဆည်းနိုင်ရေး**

ထို့နောက် အဆင့်မြင့် ကော်မတီလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေး ဆိုင်ရာ အဆင့်မြင့်ကော်မတီ လုပ်ငန်းအဖွဲ့ (SLC Task Force) အောက်ရှိ ရေရှည်တည်တံ့ခိုင်မြဲပြီး အကျပ်အတည်းဖြစ်ပေါ်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရေးအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းနိုင်ရေး (Sustainable Finance) နှင့်စပ်လျဉ်း၍ လည်းကောင်း၊ လာအိုနိုင်ငံဗဟိုဘဏ်က အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များမျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform – CRISP) နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်က အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement – ASA) နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ငွေလုံးငွေရင်းစာရင်း ပိုမိုလွတ်လပ်ခွင့်ပြုရေး လုပ်ငန်းကော်မတီ၏ ပူးတွဲသဘာပတိများက အာဆီယံဒေသတွင်း နိုင်ငံများ၏ ငွေကြေးများဖြင့် လွှဲပြောင်း ပေးချေမှုများဆိုင်ရာ မူဘောင် (ASEAN Local Currency Transaction–LCT Framework) (မူကြမ်း) နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၂၇) ကြိမ်မြောက် အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်သည့် စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မတ် ၇**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ** သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၂ ပါတီဖြစ်ကြောင်း တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ဆုချီးမြှင့်ခြင်း အဆင့်သုံးဆင့်ခွဲမည်

**ရန်ကုန် မတ် ၇**

ဧကောဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ ရွေးချယ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းကို အဆင့်သုံးဆင့်ခွဲ ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။ ဦးစွာ အရည်အချင်းစစ်စာမေးပွဲများကို ကျင်းပမည်ဖြစ်ပြီး စာဖြေဌာနအသီးသီးတို့မှ မိမိတို့စာဖြေဌာနအလိုက် အမြင့်ဆုံးအောင်မြင်သူတစ်ဦးကို ဂုဏ်ပြုအောင်လက်မှတ်နှင့် ဂုဏ်ပြုပူဇော်ငွေကျပ် နှစ်သိန်းကို ပဏာမချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ပဏာမအဆင့်မှ နောက်ထပ် ဖြေဆိုပူဇော်ပွဲကြီးသို့ ဆက်လက် ဖြေဆိုကြသည့်အခါ ဖြေဆိုသူအားလုံးတို့မှ ရမှတ်အများဆုံး ၂၆ ဦးကို ထပ်မံရွေးချယ်မည်ဖြစ်ပြီး ဗုဒ္ဓဝံသဝိသာရဒဘွဲ့တံဆိပ်နှင့် အခြေခံဆုငွေကို သက်မှတ်နှုန်းထားအတိုင်း ချီးမြှင့်ပေးမည်ဖြစ်ကာ နောက်ဆုံးအဆင့် ရေးဖြေ/နှုတ်ဖြေပူဇော်ပွဲသို့ ဆက်လက်ပူဇော်ခွင့် ရရှိကြမည်ဖြစ်ပြီး ပထမဆုရရှိသူအား အခြေခံ ဆုငွေကျပ် ၁၀ သိန်းနှင့်အတူ ဗုဒ္ဓဝံသဗဟုသုတရေ ဘွဲ့တံဆိပ်၊ ဒေါ်နန္ဒာဝင်း ခရီးသွားလုပ်ငန်းက ချီးမြှင့်သည့် ဗုဒ္ဓဂယာဘုရားဖူး ၁၅ ရက်ခရီး(အခမဲ့)၊ မနာပဒါယီကိုရီးယားဆရာတော်ချီးမြှင့်သည့် တက္ကသိုလ်ပညာသင်ဆု၊ ဘွဲ့တံဆိပ်အဆောင်အယောင်တို့ကို ပဏာမအားဖြင့် ရရှိမည်ဖြစ်သည်။ ထို့နောက် မေးခွန်းခုနစ်ဆင့် ပါဝင်သော အမြင့်ဆုံး ကျပ်သိန်း ၁၂၀+၆၀ (သိန်း ၁၈၀ အထိ) ဖြေဆိုရယူနိုင်မည့် ဆုငွေအစီအစဉ်ကိုလည်း ဆုံးဖြတ်ဖြေဆို ရယူခွင့်ရရှိမည်ဖြစ်သည်။ ဝင်ရောက်ဖြေဆို ပူဇော်ကြမည့်သူများအနေဖြင့် မူလတန်း၊ အလယ်တန်း၊ ဒီပလိုမာတန်း အသက်အရွယ်အလိုက် သက်ဆိုင်ရာစာဖြေဌာနတို့တွင် ဝင်ရောက်ဖြေဆိုပူဇော်နိုင်ကြမည် ဖြစ်ကြောင်း ကျင်းပရေးကော်မတီက အသိပေးနှိုးဆော်ထားသည်။ **အာကာလင်း**

# လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ

ခင်သန်းမြင့်

**ကျွန်မတို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေဟာ မေတ္တာပို့သတဲ့အခါမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ လုံးစုံများစွာသတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေအပြင် "လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ"ဆိုတဲ့ အပိုဒ်လေးပါထည့်သွင်းပို့သလေ့ရှိပါတယ်။**

ဘာကြောင့် "လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ"ရယ်လို့ ထည့်သွင်း မေတ္တာပို့သရပါသလဲ။ ငယ်စဉ်ကတော့ သိပ်နားလည်သဘောမပေါက်ခဲ့ဘူး။ အသက်အရွယ်ရလာတော့မှ ရှုပ်ထွေးပွေလီလှတဲ့ လူ့လောကဇာတ်ခုံပေါ်မှာ လူအချင်းချင်း လိမ်လည်လှည့်ပတ်မှုတွေ၊ မိမိအပြစ်တွေကို ဖုံးထားတဲ့မာယာ၊ ဂုဏ်မရှိ ဂုဏ်ရှိဟန်ဆောင်တဲ့ သာဌေးယျတွေမျိုးစုံကြုံတွေ့ သိမြင်လာမှ လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းနိုင်ရေးဟာ ဘယ်လောက်အရေးပါတယ်ဆိုတာ နားလည်သဘောပေါက်လာတော့တယ်။

**အွန်လိုင်းအသုံးပြုလိမ်လည် လှည့်ပတ်မှုတွေ**

မျက်မှောက်ခေတ်မှာဆို လူအချင်းချင်းကြားမှာ လိမ်လည်လှည့်ဖြားမှုတွေက ပိုများလာတယ်။ လူချင်းဆုံတွေ့စရာမလိုတော့ဘူး။ အွန်လိုင်းပေါ်ကပဲ လောင်းကစားမှုကအစ လူကုန်ကူးမှုတွေ၊ သတင်းတု၊ သတင်းမှားတွေနဲ့ ကောလာဟလဖြန့်ဝေမှုတွေ၊ အယောင်ဆောင်ငွေကြေးအကျိုးအမြတ်ရှာဖွေမှုတွေအဆုံး လိမ်လည်လှည့်ဖြားမှုမကောင်းမှုမျိုးစုံပါပဲ။ အွန်လိုင်းအသုံးပြုလိမ်လည်လှည့်ပတ်မှုတွေဟာ နယ်စည်းမခြားတော့ဘူး။ တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်းတွေနဲ့ ငွေကြေးလိမ်လည်တဲ့ရာဇဝတ်ဂိုဏ်းတွေရဲ့ ပစ်မှတ်ကလည်း နိုင်ငံသားမရွေးတော့ဘူး။ အိမ်နီးချင်းနိုင်ငံသားအချို့သာမက မြန်မာနိုင်ငံသား အချို့လည်း ထိခိုက်နစ်နာမှုတွေ ကြုံတွေ့လာခဲ့ကြရတယ်။

**အိမ်နီးချင်းနိုင်ငံတွေနဲ့**
**လက်တွဲပူးပေါင်းတိုက်ဖျက်ရ**

ဘယ်လောက်များ ဆိုးရွားလာသလဲဆိုရင် နိုင်ငံတော်အစိုးရက တရားမဝင်အွန်လိုင်း လောင်းကစားမှုတွေနဲ့ငွေကြေးလိမ်လည်မှုတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့လက်တွဲပူးပေါင်း တိုက်ဖျက်ရတဲ့အထိပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က တရားမဝင် အွန်လိုင်း လောင်းကစားဂိမ်းတွေနဲ့ ငွေကြေးလိမ်လည်တဲ့ ဂိုဏ်းဖွဲ့ပြုလုပ်သူ ၆၈၉ ဦးကို တာချီလိတ်မြို့မှာ ဖမ်းဆီးရမိတဲ့ သတင်းတစ်ပုဒ်ဖတ်လိုက်ရတယ်။ တစ်ခါ ကုမ္ပဏီတစ်ခုအမည်နဲ့ အွန်လိုင်း ချေးငွေလုပ်ငန်းကိုအကြောင်းပြပြီး အွန်လိုင်းငွေကြေးလိမ်လည်မှု၊ ငွေကြေးအမြတ်ထုတ် ခြိမ်းခြောက်မှုတွေလုပ်ကိုင်နေတဲ့ တရားခံ ၁၃ ဦးကိုလည်း လက်ပ်တော့ပ် ၁၃၃ လုံး၊ ဖုန်း ၁၀ လုံး၊ မော်တော်ယာဉ် တစ်စီးနဲ့အတူ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၂ ရက်နေ့အတွင်းက ရန်ကုန်မြို့မှာ ဖမ်းဆီးရမိတယ်လို့ သိရှိရပြန်ပါတယ်။ ဒီအဖွဲ့အစည်းက စုစုပေါင်း ၉၁ ဦးလောက်နဲ့ ဖွဲ့စည်းတဲ့ အွန်လိုင်းချေးငွေလုပ်ငန်းကို အကြောင်းပြပြီး လိမ်လည်နေတဲ့ အဖွဲ့ဖြစ်တယ်လို့ သက်ဆိုင်ရာက ဆိုပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက "ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့မြန်မာပြည်သူတွေရော၊ တခြားအိမ်နီးချင်းနိုင်ငံတွေရော ထိခိုက်စေတဲ့ Online လောင်းကစားမှု၊ Online ငွေရေးကြေးရေး လိမ်လည်မှုတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံတွေနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အမြစ်ပြတ်ချေမှုန်းသွားမှာဖြစ်ပါတယ်"လို့ ဆိုပါတယ်။

**ပိုပြီးဆိုးရွားတဲ့လိမ်လည်မှုတွေ**

အွန်လိုင်းလိမ်လည်မှုတွေထက် ပိုပြီးဆိုးရွားတဲ့လိမ်လည်မှုတွေလည်း ရှိပါသေးတယ်။ ဒါကတော့ ပြည်ဖျက်မီဒီယာတွေနဲ့ မသမာသူတွေက လူမှုကွန်ရက်ကတစ်ဆင့် ရည်ရွယ်ချက်ရှိရှိ ကောလာဟလ၊ သတင်းတု၊ သတင်းမှားတွေကို ထုတ်လွှင့်နေမှုတွေပဲ ဖြစ်ပါတယ်။ သတင်းတု၊ သတင်းမှားတွေကြောင့် မီဒီယာအဆိပ်သင့်ခံရသူအများစုကတော့ အထူးသဖြင့် လူငယ်ထုပါ။ လတ်တလော ဖေဖော်ဝါရီလ ၁၀ ရက်နေ့က စတင်အာဏာတည်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့စပ်လျဉ်းပြီး ပြည်သူလူထုအတွင်း စိုးရိမ်ထိတ်လန့်မှုတွေဖြစ်ပေါ်လာအောင် အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိတဲ့ သတင်းတု၊ သတင်းမှား၊ ကောလာဟလတွေ ဆက်တိုက်ထုတ်လွှင့်ပြီး လူငယ်ထုတွေကို လမ်းမှားရောက်အောင် တွန်းပို့လျက်ရှိပါတယ်။

အကြမ်းဖက်၊ ပြည်ဖျက်တို့က မြန်မာနိုင်ငံအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲစေရန်၊ တည်ငြိမ်အေးချမ်းမှုကင်းမဲ့စေရန်၊ ပြည်သူလူထုနဲ့ လူ့အဖွဲ့အစည်းအတွင်း အကြောက်တရားနဲ့ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်ပေါ်လာစေရန် လူမှုကွန်ရက်ပေါ်ကတစ်ဆင့် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်နေခြင်းဖြစ်တဲ့အတွက် ပြည်သူလူထုနဲ့ လူငယ်ထုအတွင်း မီဒီယာအဆိပ်သင့်မှုမခံရအောင် နိုင်ငံပိုင်မီဒီယာတွေကတစ်ဆင့် အသိပညာပေးမှုတွေကို လုပ်ဆောင်နေရပါတယ်။

> ❖ **အွန်လိုင်းလိမ်လည်မှုတွေထက် ပိုပြီးဆိုးရွားတဲ့လိမ်လည်မှုတွေလည်း ရှိပါသေးတယ်။ ဒါကတော့ ပြည်ဖျက်မီဒီယာတွေနဲ့ မသမာသူတွေက လူမှုကွန်ရက်ကတစ်ဆင့် ရည်ရွယ်ချက်ရှိရှိ ကောလာဟလ၊ သတင်းတု၊ သတင်းမှားတွေကို ထုတ်လွှင့်နေမှုတွေပဲ ဖြစ်ပါတယ်။ သတင်းတု၊ သတင်းမှားတွေကြောင့် မီဒီယာအဆိပ်သင့်ခံရသူအများစုကတော့ အထူးသဖြင့် လူငယ်ထုပါ။ လတ်တလော ဖေဖော်ဝါရီလ ၁၀ ရက်နေ့က စတင်အာဏာတည်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့စပ်လျဉ်းပြီး ပြည်သူလူထုအတွင်း စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်ပေါ်လာအောင် အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိတဲ့ သတင်းတု၊ သတင်းမှား၊ ကောလာဟလတွေ ဆက်တိုက်ထုတ်လွှင့်ပြီး လူငယ်ထုတွေကို လမ်းမှားရောက်အောင် တွန်းပို့လျက်ရှိပါတယ်**

**လိမ်ဖို့၊ ပတ်ဖို့ကိစ္စကို ဝန်မလေးကြတော့**

ဒီဘက်ခေတ်မှာ လူတွေဘယ်လောက်များ တရားလက်လွတ်ငှက်တောင်ကျွတ်ပြီး တရားမဲ့လာကြသလဲဆိုရင် လိမ်ဖို့၊ ပတ်ဖို့ကိစ္စကိုဝန်မလေးကြတော့ဘူး။ နိုင်ငံရေးလောကမှာဆိုရင် ထမင်းစားရေသောက်ကိစ္စတစ်ခုလိုဖြစ်လာတယ်။ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံကြီးတွေက နိုင်ငံရေးသမားအများစုဆိုရင် မိမိအာဏာရရှိရေး၊ အာဏာတည်မြဲရေးအတွက် ရွေးကောက်ပွဲအကြိုကာလတွေမှာ "အမေရိကန်ပြည်ကို ပြန်လည်ကြီးကျယ်သိက္ခာထည်လာအောင် ကျုပ်တို့လုပ်ပြနိုင်ပါတယ်" (We can make America great again)တို့၊ "အပြောင်းအလဲ" (Change)တို့၊ "အမေရိက ပထမ" (America First)တို့၊ "အတူတကွ အသစ်တစ်ဖန်စတင်ကြပါစို့" (Together ... A New Beginning) တို့ စသဖြင့် ကြွေးကြော်သံတွေကိုယ်စီနဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့စိတ်ကို နှိုးဆွပြီး မဲဆွယ်စည်းရုံးလေ့ရှိကြတယ်။

သို့ပေမယ့် တကယ်တမ်းရွေးကောက်ပွဲမှာ အနိုင်ရပြီး အာဏာလက်ကိုင်ရတဲ့အချိန်မှာတော့ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးလုပ်တတ်ကြတာ အစဉ်အလာတစ်ခုလိုဖြစ်နေပါပြီ။ မိမိမဲရရေးသည်သာအဓိက၊ မိမိပြောသမျှတွေ တကယ်လုပ်၊ မလုပ်ဆိုသည်မှာ နောင်ခါလာ နောင်ခါစျေးသဘောပါ။

သမ္မတဂျင်မီကာတာက သမ္မတရာထူးလက်ခံစဉ်မှာ "ပြည်သူတွေကို ဘယ်တော့မှ လိမ်လည်ပြောကြား ညာဝါးမှာမဟုတ်ဘူး"လို့ ကတိပြုခဲ့ပေမယ့် အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်ခဲ့ရုံမက သူ့ညီ ဘီလီကာတာက လစ်ဗျားနိုင်ငံက လာဘ်ငွေယူမှုနဲ့ပတ်သက်ပြီး တရားရေးဌာနနဲ့ အက်ဖ်ဘီအိုင်က အရေးယူအမှုဖွင့်တဲ့အခါမှာလည်း သူမသိပါဘူး၊ သိလည်း သူ့ညီကိုထိန်းလို့မရပါဘူး၊ ပြောဆိုဆုံးမဖို့ သူ့မှာဩဇာအာဏာမရှိပါဘူး၊ ဘူးခံခဲ့လို့ မဲဆန္ဒရှင်တွေရဲ့ ဒဏ်ခတ်မှုကိုခံရပြီး ဒုတိယအကြိမ် သမ္မတသက်တမ်းရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားခဲ့ရတယ်။

သမ္မတ ရီဂင် ကလည်း "ကျုပ်ဟာ လိမ်တတ်ညာတတ်အောင် တော်သူမဟုတ်ပါဘူး"လို့ ဆိုခဲ့ပေမယ့် သမ္မတသက်တမ်းကာလမှာ အီရန်-အီရတ်စစ်ပွဲကာလအတွင်း လက်နက်တင်ပို့မှုတားမြစ်ပိတ်ပင်ခံထားရတဲ့ အီရန်ကို တရားမဝင်လက်နက်ရောင်းချခဲ့ပါတယ်။ ရရှိတဲ့ ငွေကြေးအချို့ကို နီကာရာဂွါနိုင်ငံက လက်ဝဲအစိုးရကိုဆန့်ကျင်တိုက်ခိုက်နေတဲ့ ကွန်ထရာသူပုန်တွေကို တရားမဝင်လွှဲပြောင်းပေးပို့ခဲ့တဲ့အတွက် အတိတ်က သမ္မတနစ်ဆင်ရဲ့ ဝါးတားဂိတ်ပြဿနာလို အီရန်ဂိတ်ခေါင်းစဉ်နဲ့ ပြဿနာတက်ခဲ့ရပြန်ပါတယ်။

သမ္မတ နစ်ဆင် ကတော့ ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးစဉ်ကာလမှာ ဗီယက်နမ်စစ်ပွဲကို အဆုံးသတ်နိုင်ရေးဆိုပြီး မဲဆွယ်စည်းရုံးခဲ့ပေမယ့် ဗီယက်နမ်အပြင် ကမ္ဘောဒီးယား နယ်စပ်ကိုပါ စစ်ဘောင်ချဲ့ပြီး ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာတဲ့အတွက် အမေရိကန်ပြည်သူတွေက စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေ ဆက်တိုက်ကျင်းပပြီး ပေးထားတဲ့ကတိအတိုင်း စစ်ရပ်စဲရေးကို ဆောင်ရွက်ပေးဖို့ သတိပေးခဲ့ရပါတယ်။ သို့ပေမယ့် ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီရုံးခန်းကို ဖောက်ထွင်းခဲ့တဲ့ ဝါးတားဂိတ်ပြဿနာမှာတော့ တစ်နိုင်ငံလုံးဆူပွက်ခဲ့ရာမှ နောက်ဆုံးမှာတော့ သမ္မတ နစ်ဆင်ဟာ အမေရိကန်သမိုင်းမှာ မကြုံစဖူး သမ္မတရာထူးက နုတ်ထွက်အရှုံးပေးလိုက်ရပါတယ်။

သမ္မတ ဂျော့ဒဗလျူဘုရှ် ဆိုလည်း ၂၀၀၃ ခုနှစ်မှာ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခွင့်ရအောင် တားမြစ်ထားတဲ့ အစုလိုက် အပြုံလိုက်သေကျေပျက်စီးစေမယ့် WMD လက်နက်တွေ ထုတ်လုပ်စုဆောင်းနေတယ်ဆိုတဲ့ မဟုတ်မမှန်အကြောင်းပြစွပ်စွဲပြီး အမေရိကန်ပြည်သူတွေကိုသာမက ကမ္ဘာ့ပြည်သူတွေကိုပါ လိမ်လည်လှည့်ပတ်ခဲ့ပါတယ်။

သမ္မတ ဘီကလင်တန်ကတော့ အိမ်ဖြူတော်ဝန်ထမ်း မော်နီကာလီဝင်စကီနဲ့ ဖောက်ပြန်ခဲ့တဲ့လိင်အရှုပ်တော်ပုံကြောင့် ကမ္ဘာတစ်ခွင်ဟိုးလေးတကြော်ကြော်နဲ့ အရှက်တော်ပုံကွဲခဲ့ရပြန်ပါတယ်။

လက်ရှိသမ္မတ ဂျိုးဘိုင်ဒင်ကြီးလည်း ဂျင်မီကာတာက သူ့ညီတော်မောင်ကိုမထိန်းနိုင်သလို သားတော်မောင် ဟန်တာဘိုင်ဒင်ရဲ့ အဂတိလိုက်စားမှုတွေကို မထိန်းသိမ်းနိုင်ခဲ့ရုံမက သူကိုယ်တိုင်လည်း သူ့သားနဲ့အတူ အဂတိမကင်းတဲ့လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေတယ်၊ သမ္မတကိုယ်တိုင် နိုင်ငံအချို့ရှိ အဂတိကိစ္စတွေမှာ ထင်ပေါ်တဲ့ လုပ်ငန်းရှင်တွေနဲ့လည်း မကင်းရာမကင်းကြောင်းငြိစွန်းမှုတွေရှိနေတယ်ဆိုတဲ့စွပ်စွဲမှုတွေနဲ့ ရင်ဆိုင်နေရပြန်တယ်။

**နိုင်ငံရေးသမားအချို့ရဲ့ လိမ်လည်လှည့်ပတ်မှုတွေ**

မြန်မာ့နိုင်ငံရေးလောကမှာလည်း ခေတ်အဆက်ဆက်နိုင်ငံရေးသမားအချို့ရဲ့ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လိမ်လည်လှည့်ပတ်မှုတွေ၊ အဂတိလိုက်စားမှုတွေရှိတာပါပဲ။ ဒါကြောင့်မို့ ဦးဘဘေကြီးက "နိုင်ငံရေးဆိုတာ အင်မတန်ညစ်ပတ်တဲ့အလုပ်"လို့ ပြောခဲ့သလို ရှေ့နေချုပ်ဦးသိန်းမောင်ကြီးကလည်း "ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ"ဆိုပြီး နိုင်ငံရေးမလုပ်တော့ဘဲ နိုင်ငံရေးလောကက ထွက်ခွာသွားခဲ့တယ်။

တကယ်တော့ နိုင်ငံရေးနယ်ပယ်၊ မီဒီယာနယ်ပယ်၊ အွန်လိုင်းနယ်ပယ်မှ မဟုတ်ပါဘူး။ ဘယ်နယ်ပယ်၊ ဘယ်ကိစ္စမဆို လိမ်လည်လှည့်ပတ်ခြင်းအမှုဟာ မကောင်းပါဘူး။ ထိခိုက်နစ်နာသူတွေအဖို့ ဘဝနဲ့ချီပြီး ဆုံးရှုံးနစ်နာစေပါတယ်။ သို့ပေမယ့် မုသားမပါလင်္ကာမချောဆိုတဲ့ လူတန်းစားတွေက အခုခေတ်မှာ အများသားလား။

**မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍မရှိ**

လိမ်လည်လှည့်ပတ်ခြင်းဆိုတဲ့ မုသာဝါဒကံတွေက သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူများသားမယားအား ပြစ်မှားစော်ကားခြင်းဆိုတဲ့ အကုသိုလ်ကံတွေလောက် အပြစ်မကြီးဘူးလို့ အချို့က ထင်ကောင်းထင်ကြပေမယ့် မြတ်စွာဘုရားရှင်က ရာဟုလောဝါဒသုတ်မှာ သားတော်ရာဟုလာကို "သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသောသူအား မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍မရှိတော့ပေ။ ထို့ကြောင့် ဤသာသနာတော်ဝယ် ရယ်မောပြောင်လှောင်သောသဘောဖြင့်ပင် မုသားစကားမပြောမိအောင် စောင့်စည်းပါလေ့"ဆိုပြီး ပရိယာယ်မပါ၊ မာယာမနှော၊ ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်ရေးအတွက် ဆိုဆုံးမတော်မူခဲ့ပါတယ်။

သို့ကြောင့်မို့ ကျွန်မတို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအနေနဲ့ မေတ္တာပို့သရာမှာ "လူအချင်းချင်းလှည့်ပတ်ခြင်းကင်းရှင်းကြပါစေ" ဆိုရုံမက ကိုယ်တိုင်လည်း လှည့်ပတ်ခြင်းကင်းရှင်းစေဖို့ လိုက်နာကျင့်သုံးကြရမှာဖြစ်ပါတယ်။ ။

## အားမာန်ခိုင်ဖြိုး ဒို့အမျိုးသမီး

❊ ပင်ကိုမူရာ၊ နူးညံ့စွာမို့
ဘာသာဘာဝ၊ လှချင်ကြသော်
ခြယ်သကြလေ၊ နှုတ်ခမ်းပန်းနုတ်
စာပေထင်ရှား၊ နှုတ်စကားတို့
တင်စားပြက်ပြက်၊ စဉ်မပျက်တည့်
ပုခက်လွှဲသော လက်ပိုင်ရှင်များ...။
လေးစားထိုက်ပေသည်တကား...။

❊ စာပေနယ်မှာ၊ အယ်ဒီတာဟု
ပညာသမ္မာ၊ စာဝမ်းစာနှင့်
ထည်ဝါသန့်ရှင်း၊ စာဂုဏ်သင်းအောင်
လျှော့တင်းပိုလို၊ စာမွေးချိုအောင်
တိုရှည်မျှတ၊ စာပိုလှအောင်
ချိန်ဆပြုရာ၊ ရေးဦးစွာတည့်
သူငါလေးစား စာနယ်တွင်...။
အားလုံးသိကြ ဒေါ်ဖွားရှင်...။

❊ ကမ္ဘာ့စာပေ၊ ရှုကြည့်ချေလည်း
"လေရှူးသုန်သုန်"
တစ်ဖုံသိကြ၊ ပြန်ဆိုပြ၍
မူလရေးသူ၊ ဖန်တီးသူမှာ
"မာဂရက်မစ်ချယ်" မိန်းမသား...။
ကမ္ဘာတစ်လွှား လွန်ထင်ရှား။

❊ မိန်းမစာဆို၊ ညွှန်းပါလို၏
မိညိုမိဖြူ၊ နန်းတွင်းသူနှင့်
မှတ်ယူမယ်ခွေ၊ ရေးပဝေတည့်
စာပေခေတ်သက်၊ အဆက်ဆက်ဝယ်
မပျက်ထွန်းပေါ်၊ ကျော်မြဲကျော်သည်
တော်ကြတတ်ကြ အမျိုးသမီးများ...။

❊ ရေးယခင်မှ၊ ခုကာလထိ
ကမ္ဘာ့မော်ကွန်း၊ ထင်ပေါ်ထွန်းသည့်
အမွှမ်းတင်ထား၊ မိန်းမများနှယ်
ထင်ရှားပေစွ၊ မြန်မာမတို့
ကာယဉာဏ၊ အစစဝယ်
ညွှန်းပြစရာ၊ များလှစွာတည့်။

❊ သြော်...
တော်ကြတတ်ကြ၊ နှလုံးလှနှင့်
မြန်မာ့မြေဖွား၊ မိန်းမသားဟု
ထင်ရှားဖြစ်တည်၊ အလီလီသို့
ချိုကြည်ခွန်းမြ၊ ကဗျာလှဖြင့်
မှန်းဆအလေးပြုပါကြောင်း...။ ။

ဘိုမျိုး(ရွှေဘို)





## အသိပညာ၊ အတတ်ပညာပြည့်ဝသော လူငယ်များဖြင့်သာ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည် ဗလငါးတန်ပြည့်ဝပြီး မိမိဒေသနှင့် နိုင်ငံတော်အတွက်အကျိုးပြုနိုင်မည့် လူငယ်များဖြစ်အောင် ကြိုးစားကြစေလို

**ရန်ကုန် မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ လူငယ်ရေးရာနှင့် ဗလငါးတန် ဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများနှင့် ကျေးလက်ဒေသများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၊ သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ အနေဖြင့်ပညာကြိုးစားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝသော လူငယ်များဖြင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာအုပ်စာပေများကို စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာကြရန် တိုက်တွန်းလိုကြောင်း၊ သင်တန်းများတွင် အတတ်ပညာသာမက ဘက်ပေါင်းစုံမှ စနစ်တကျလေ့ကျင့်သင်ကြား ပေးနေခြင်းဖြစ်၍ ဗလငါးတန်ပြည့်ဝပြီး မိမိဒေသနှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်မည့် လူငယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကျန်းမာရေးဂရုစိုက်ပြီး ငယ်စဉ်ကတည်းက အားကစားလှုပ်ရှားမှုကို စဉ်ဆက်မပြတ်လုပ်ရန်နှင့် မူးယစ်ဆေးဝါးကို ရှောင်ရှားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေသည့် ကောလာဟလများ၊ သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားတွေးခေါ်မှုဖြင့် နားလည်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အခြားနိုင်ငံများနည်းတူ မိမိနိုင်ငံကာကွယ်ရေးကို အကျုံးဝင်သူ နိုင်ငံသားများက ထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ သတ်မှတ်ချက်များနှင့် အညီ လိုအပ်သည့် အရေအတွက်ကိုသာ စိစစ်ပြီး ပြည်သူလူထု ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ လတ်တလော အမျိုးသမီးများအား ပြည်သူ့စစ်မှုထမ်းအဖြစ် ခေါ်ယူရန် အစီအစဉ်မရှိသေးကြောင်း၊ ပြည်သူများအကြား စိုးရိမ်ထိတ်လန့်စေရန်နှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးအင်အား လျော့နည်းစေရန် အဖျက်အမှောင့်သမားများ၏ အမှောင့်ပယောဂများကို မယုံကြည်ကြရန် ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူ ၁၁၈ ဦး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ ဝန်ထမ်း ၁၆၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကောလိပ်စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပံ့ပိုးသော အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်နှင့် ပြတိုက်တို့ကို ကြည့်ရှုကာ လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ



**နေပြည်တော် မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၉-၃-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၆)၊ အမှတ် (၁၀) တွင်** သူ၏အသက်ကို ချမ်းသာပေးခဲ့သည့် ကြွက်ကလေးသည် ခြင်္သေ့ကြီးထောက်ချောက်မိသောအခါပြန်လည်ကယ်တင်ပေးလိုက်သည့် အကြောင်း တင်ဆက်ထားသည့် "ကျေးဇူးဆပ်တဲ့ ကြွက်ကလေး" မျက်နှာဖုံးကာတွန်း၊ ဦးလေးနှင့်အတူ အိမ်သန့်ရှင်းရေးလုပ်ပေးသည့် ကီးကီနှင့် ဂျိုးဂျိုးတို့အကြောင်း တင်ဆက်ထားသည့် "ကီးကီ ဂျိုးဂျိုး" နှစ်မျက်နှာကာတွန်း၊ အမေနှင့် ချွတ်စွပ်တူသည့် ပုံတူပန်းချီမှာ မှန်ချပ်ပဲဖြစ်ကြောင်း အမေကို နောက်ပြောင်ထားသည့် "ရွှေဖဲ" တစ်မျက်နှာကဏ္ဍ၊ ဒေါသကြီးသော မျောက်လွှဲကျော်ကြီးကို လူနီရိုင်းခေါင်းဆောင် လုပ်ခိုင်းကာ အားလုံးအတူတူ ကစားကြသည့် အကြောင်း တင်ဆက်ထားသည့် "အမြှောက်ကြိုက်တဲ့ မျောက်" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများအားလုံး တာဝန်သိစိတ်ဖြင့် အတူတကွ ကူညီပေးခဲ့အသည့်အတွက် မူးယစ်ဆေးဝါးများ တွေ့ရှိသွားသည့် အကြောင်း တင်ဆက်ထားသည့် "တာဝန်သိစိတ်" နှစ်မျက်နှာကာတွန်း၊ ဂျက်လေယာဉ်၊ ကျည်ဆန်ရထားများ မောင်းနှင်ကြသလို လူသားများသည်လည်း ဒုံးပျံစီး၍ လပေါ်သို့ ရောက်ရှိသွားသည့်အကြောင်း ရေးဖွဲ့ထားသည့် "သိပ္ပံခေတ်" ကဗျာကဏ္ဍ၊ စာမတတ်၍ ကစားပွဲများတွင် အမြဲရှုံးနေသဖြင့် စာတတ်အောင် 'အ' သုံးလုံးသင်တန်း တက်တော့မည့် ကြက်တောအကြောင်း တင်ဆက်ထားသည့် "ကြက်တောရဲ့ စာတတ်မှ" မျက်နှာဝက်ကာတွန်း၊ သုတကကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် မတ် ၇**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆုစာပဒေသာ ဒုတိယဆုရ **"ယဉ်အောင်ဟိန်း"** ရေးသားသည့် **"ကျောက်သမား၊ ကျောက်စိမ်းနှင့် ကျောက်လောက"** စာအုပ်ကို ၂၀၂၄ ခုနှစ် မတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

## ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာပစ္စည်းများ စုစုပေါင်းငွေကျပ် ၂၉၄၃၂၃၀၀ ပေးအပ်

ထားဝယ် မတ် ၇

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်းကိုယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၁၉၁၀၀၀၀ နှင့် စားသောက်ဖွယ်ရာပစ္စည်းများ တန်ဖိုးငွေကျပ် ၁၈၀၂၂၃၀၀ စုစုပေါင်းငွေကျပ် ၂၉၄၃၂၃၀၀ ပေးအပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းက လက်ခံရယူပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်ရာ ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်များက လက်ခံရယူကာ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်း လက်ခံရယူစဉ်။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့မှ စေတနာရှင်ပြည်သူများက လာရောက်ပေးအပ်




မြိတ်ခရိုင် စေတနာရှင် ပြည်သူများကိုယ်စား ငွေကျပ် ၁၇၆၁၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦးထံ ဂုဏ်ပြုပေးအပ်စဉ်။

အလားတူ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင် ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြိတ်ခရိုင် စေတနာရှင်ပြည်သူများကိုယ်စား ငွေကျပ် ၁၇၆၁၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ ဘုတ်ပြင်းခရိုင်မှ စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၀၀၀၀၀ နှင့် ငွေကျပ် ၁၉၃၄၅၅၀ တန်ဖိုးရှိစားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကော့သောင်းခရိုင်မှ စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၀၀၀၀၀၀ နှင့် ငွေကျပ် ၈၃၉၄၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လာရောက်ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် မတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက အဆိုပါမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အိမ်ရာဝင်းအတွင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၇**

(၇၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမနှင့် နယ်မြေခံသင်တန်းကျောင်းခန်းမတို့၌ ကျင်းပသည်။

အဆိုပါ (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား အဆင့် အဆင့်(၄)ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုသူများ၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# အေဒင်ပင်လယ်ကွေ့တွင် ကုန်တင်သင်္ဘောတစ်စင်း ဟူသီတို့၏ ဒုံးကျည်ပစ်ခတ်ခံရပြီး ဖိလစ်ပိုင်နိုင်ငံသား သင်္ဘောသားနှစ်ဦးသေဆုံး

**မနီလာ မတ် ၇**

ယီမင်နိုင်ငံတောင်ပိုင်း အေဒင်ပင်လယ်ကွေ့တွင် မကြာသေးမီက ကုန်တင်သင်္ဘောတစ်စင်းကို ဟူသီစစ်သွေးကြွများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် သင်္ဘောသားနှစ်ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရက မတ် ၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

နောက်ထပ် ဖိလစ်ပိုင်နိုင်ငံသား သင်္ဘောသားနှစ်ဦးမှာလည်း ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိခဲ့ကြောင်း ရွှေ့ပြောင်းလုပ်သားများရေးရာဌာနက ကြေညာချက်ထုတ်ပြန်သည်။ အဆိုပါကုန်တင်သင်္ဘောမှာ မတ် ၆ ရက်က အေဒင်ဆိပ်ကမ်းအနောက်တောင်ဘက် ရေမိုင် ၅၀ အကွာတွင် သင်္ဘောဖျက်ဒုံးကျည်များဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အဆိုပါသင်္ဘောပေါ်တွင် သင်္ဘောသား ၂၀ ပါဝင်ပြီး ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦးအထိ ပါဝင်သည်ဟု သိရသည်။

သင်္ဘောပေါ်ရှိ ဖိလစ်ပိုင်နိုင်ငံသားများနှင့် ပတ်သက်၍ ရွှေ့ပြောင်းလုပ်သားများရေးရာဌာနက အတိအကျပြောကြားခဲ့ခြင်းမရှိချေ။ ကျန်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံသားများ နေရပ်ပြန်ပို့နိုင်ရေး သင်္ဘောပိုင်ရှင်၊ စီမံကွပ်ကဲရေးအေဂျင်စီတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

အသက်ရှင်ကျန်ရစ်သည့် ဖိလစ်ပိုင်နိုင်ငံသားများကို လုံခြုံစိတ်ချရသောဆိပ်ကမ်းသို့ အာဏာပိုင်များက ခေါ်ဆောင်သွားနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် သင်္ဘောသားအများအပြားထောက်ပံ့ပေးနေသည့်နိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံးအနှံ့ သင်္ဘောသားငါးပုံတစ်ပုံမှာ ဖိလစ်ပိုင်နိုင်ငံကဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ သိရသည်။


ဟူသီတို့၏ ပစ်ခတ်တိုက်ခိုက်မှုခံခဲ့ရသည့် သင်္ဘောကို မတ် ၆ ရက်က တွေ့ရစဉ်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကလည်း အစ္စရေး ကုန်တင်သင်္ဘောပေါ်မှ ဖိလစ်ပိုင်သင်္ဘောသား ၁၇ ဦးကို ဟူသီစစ်သွေးကြွများက ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ၎င်းတို့မှာ ယခုအချိန်အထိ လွတ်မြောက်လာခြင်း မရှိသေးချေ။

ဆင်ဟွာ

# အစ္စရေး – ဟားမားစ်ပဋိပက္ခ ခြောက်လထဲ ဝင်ရောက်လာချိန်တွင် ဂါဇာရှိ လူသားချင်းစာနာထောက်ထားမှုအခြေအနေ ပိုဆိုးလာ

**ဂါဇာ မတ် ၇**

အစ္စရေး – ဟားမားစ် ပဋိပက္ခ ခြောက်လထဲ ဝင်ရောက်လာချိန်တွင် ဂါဇာရှိ လူသားချင်းစာနာထောက်ထားမှုအခြေအနေ ပိုဆိုးလာပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပေါ် အဆိုးမြင်ဝါဒလည်း ကြီးထွားလာလျက်ရှိသည်။



ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်သည့် အစ္စရေး–ဟားမားစ်ပဋိပက္ခကြောင့် ပါလက်စတိုင်း ၃၀၈၀၀ သေဆုံးခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟားမားစ်နှင့် ကြားဝင်စေ့စပ်နိုင်ငံများဖြစ်ကြသည့် အီဂျစ်၊ ကာတာနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် အစ္စရေးဓားစာခံများ ပြန်လွှတ်ပေးရေး ဆွေးနွေးလျက်ရှိသည်။

သို့သော်လည်း အစ္စရေးနှင့် ဟားမားစ်တို့ကြား စေ့စပ်ဆွေးနွေးမှုသည် နှောင့်နှေးကြန့်ကြာလျက်ရှိသည်ဟု နယူးယောက်တိုင်းမ်သတင်း၌ မတ် ၇ ရက်တွင် ဖော်ပြခဲ့သည်။

ပါလက်စတိုင်း ပြည်တွင်းသတင်းစာတစ်စောင်ရှိ သတင်းခေါင်းစဉ်၌ ကိုင်ရိုရှိ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုကို တားဆီးလျက်ရှိသည့် အမြင်မတူမှုများရှိသည်ဟု ဖော်ပြထားသည်။

တချိန်တည်းတွင် ဂါဇာ၌လည်း အာဟာရချို့တဲ့မှုနှင့် ရေဓာတ်ခန်းခြောက်မှုကြောင့် သေဆုံးသူ ၂၀ အထိ တိုးလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ အဆိုပါ ပမာဏမှာ ဆေးရုံရောက်ရှိသည့်အပေါ် စစ်တမ်းကောက်ယူမှုအရ ထုတ်ပြန်မှုသာဖြစ်ကြောင်းနှင့် စာရင်းမဖော်ပြနိုင်သည့် ငတ်မွတ်ခေါင်းပါးပြီး သေဆုံးသူ နောက်ထပ်ဒါဇင်ချီရှိနိုင်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လူမျိုးတုံး သတ်ဖြတ်ခြင်းကို တားဆီးရန်နှင့် ပါလက်စတိုင်းများထံ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရောက်ရှိရန် ဖြစ်နိုင်သမျှသော အရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်မည့်အိုင်စီဂျေ၏ အမိန့်ကို အစ္စရေးဘက်က လိုက်နာဆောင်ရွက်သွားရန် တောင်အာဖရိကအိုင်စီဂျေကို တောင်းဆိုထားသည်။

အစ္စရေးတပ်ဖွဲ့သည် ဂါဇာတွင် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက်ကို ဖောက်ဖျက်သည်ဟုဆိုသည့် တောင်အာဖရိက၏ပြောဆိုချက်ကို တုံ့ပြန်သည့်အနေဖြင့် အိုင်စီဂျေသည် ဇန်နဝါရီလတွင် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သော်လည်း အစ္စရေးက လိုက်နာခြင်းမရှိကြောင်း တောင်အာဖရိကပြောသည်။

ဂါဇာအခြေအနေသည် ယခုအချိန်တွင် ပိုဆိုးလာပြီဖြစ်ကြောင်းနှင့် လွန်ခဲ့သောသီတင်းပတ်တွင် ပါလက်စတိုင်း ကလေးငယ်များအစာငတ်သေဆုံးခဲ့သည်ဟု တောင်အာဖရိကပြောသည်။

အင်န်အိတ်ချ်ကေ

# နာဆာလေ့ကျင့်ရေးသင်တန်းပြီးဆုံးခဲ့သည့် အာရပ်အမျိုးသမီး လကမ္ဘာပေါ်သို့ သွားရောက်မည်

**ဟူစတန် မတ် ၇**

ယူအေအီးနိုင်ငံသူ နိုရာအယ်လ်မာထရိုရှိသည် သူ့ရှေ့က ဘိုးဘေးများကဲ့သို့ပင် သူ့ဘဝတစ်လျှောက်လုံး ကြယ်များကို ငေးကြည့်ပြီး လကမ္ဘာသို့ ပျံသန်းရန် စိတ်ကူးယဉ်ခဲ့သည်။

ယခုသီတင်းပတ်တွင် သူသည် နာဆာလေ့ကျင့်ရေးအစီအစဉ်မှ ဘွဲ့ရခဲ့သည့် ပထမဆုံး အာရပ်အမျိုးသမီးတစ်ဦး ဖြစ်လာခဲ့ပြီး စကြဝဠာထဲသို့ပျံသန်းရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အသက် ၃၀ နှစ်ရှိ အယ်လ်မာထရိုရှိသည် အာကာသနှင့်ပတ်သက်သည့် အခြေခံသင်ခန်းစာများသင်ယူပြီးမြောက်ပြီးနောက် ယခုအခါတွင် လကမ္ဘာသို့သွားရန် အဆင့်သင့်ဖြစ်နေပြီဖြစ်သည်။

ရေနံထုတ်လုပ်ရေးလုပ်ငန်းတွင် စက်မှုအင်ဂျင်နီယာအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသော အယ်မာထရိုရှိသည် နာဆာလေ့ကျင့်ရေးသင်တန်းသို့ တက်ရောက်ရန် အာရပ်စော်ဘွားများပြည်ထောင်စု အာကာသအေဂျင်စီက ၂၀၂၁ ခုနှစ်တွင် ရွေးချယ်ခြင်းခံရသည့် အာကာသယာဉ်မှူး သင်တန်းသားနှစ်ဦးအနက် တစ်ဦးဖြစ်သည်။

အာကာသလမ်းလျှောက်လေ့ကျင့်ခြင်းအပါအဝင် သင်ခန်းစာများကို နှစ်နှစ်ကြာ ပြင်းပြင်းထန်ထန်ကြိုးစားပြီးနောက် ယခုအခါ သူသည် တခြားသင်တန်းသားများနည်းတူ အရည်အချင်းပြည့်ဝသည့် အာကာသယာဉ်မှူးတစ်ဦးဖြစ်လာပြီဖြစ်သည်။ “The Flies” ဟု အမည်ပေးထားသည့် အဆိုပါအဖွဲ့သည် ယခုအခါတွင် နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်ရန် နာဆာတာဝန်များအတွက် အရည်အချင်းပြည့်မီလာပြီဖြစ်ပြီး အကယ်၍ လကမ္ဘာခရီးစဉ် အောင်မြင်ခဲ့ပါက အင်္ဂါဂြိုဟ်သို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

နယူးစထရိတ်တိုင်းမ်


နာဆာလေ့ကျင့်ရေးသင်တန်းပြီးဆုံးခဲ့ပြီးနောက် လကမ္ဘာပေါ်သို့ သွားရောက်မည့် ပထမဆုံး အာရပ်အမျိုးသမီး အယ်လ်မာထရိုရှိ

# တောင်ကိုရီးယားနိုင်ငံတွင် စက်မှုလုပ်ငန်းခွင်အတွင်း မတော်တဆမှုကြောင့် သေဆုံးသူဦးရေ လျော့ကျ

**ဆိုးလ် မတ် ၇**

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်အတွင်း စက်မှုလုပ်ငန်းခွင်၌ မတော်တဆမှုကြောင့် သေဆုံးသူဦးရေမှာ လျော့ကျလာသည်ဟု သိရသည်။ ပြင်းထန်သည့်မတော်တဆမှုများနှင့်ပတ်သက်၍ အစိုးရက ပြစ်ဒဏ်တင်းတင်းကျပ်ကျပ် ချမှတ်မှုများ လုပ်ဆောင်ခဲ့သည့်နောက်ပိုင်း ယခုလိုလျော့ကျလာခြင်းဖြစ်ကြောင်း မတ် ၇ ရက်က ထုတ်ပြန်သည့် အစိုးရအချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်အတွင်း စက်မှုလုပ်ငန်းခွင်တွင် မတော်တဆမှုကြောင့် သေဆုံးသူ ၅၉၈ ဦးရှိပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၇ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျသွားခြင်းဖြစ်ကြောင်း အလုပ်သမားနှင့်အလုပ်အကိုင်ဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပြင်းထန်သည့်မတော်တဆမှုများအတွက် ဥပဒေအသက်ဝင်ခဲ့ပြီး လုပ်ငန်းခွင်အတွင်း မတော်တဆမှုကို တားဆီးရန်ပျက်ကွက်သောလုပ်ငန်းရှင်များအား ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ချမှတ်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် မတော်တဆမှုကြောင့် သေဆုံးသူ ၃၀၃ ဦးရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု သိရသည်။

ဆင်ဟွာ

# အားကစားပွဲများအတွက် စင်ကာပူက ဒေါ်လာ ၁၆၅ သန်း ရင်းနှီးမြှုပ်နှံမည်

**စင်ကာပူ မတ် ၇**

အားကစားပွဲကြီးများကို လက်ခံကျင်းပနိုင်ရေးအတွက် စင်ကာပူအစိုးရက လေးနှစ်အတွင်း စင်ကာပူဒေါ်လာ ၁၆၅ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဟု ယဉ်ကျေးမှု၊ ရပ်ရွာနှင့် လူငယ်ရေးရာဝန်ကြီး အက်ဒွင်တောင်က မတ် ၇ ရက်တွင် ပြောသည်။ ဤအားကစားပွဲကြီးများသည် စင်ကာပူအားကစားသမားများအတွက် မိမိတို့ရပ်ရွာ၌ပင် ယှဉ်ပြိုင်နိုင်မည့်အခွင့်အရေး ပိုမိုရရှိလာမည်ဖြစ်ကြောင်း အက်ဒွင်တောင်က ယခုနှစ်ဘတ်ဂျက်အတွက် လွှတ်တော်၌ အချေအတင်ပြောကြားခဲ့သည်။ အဓိကအားကစားပွဲကြီးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြင့် စီးပွားရေးကိုတိုးချဲ့နိုင်မည်ဖြစ်သကဲ့သို့ တိုင်းပြည်၏ဂုဏ်သိက္ခာကိုလည်း ပိုမိုအားကောင်းစေနိုင်မည်ဟု ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့တော်အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**စစ်တွေ မတ် ၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့တော် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမပန်းခြံအတွင်း ပန်းခြံနှင့် အားကစားကွင်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဦးဥတ္တမပန်းခြံအတွင်း မြေယာရှုခင်းများ ပြင်ဆင်ထားရှိမှု၊ ရေပန်းများ(ယာပုံ)၊ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု၊ ဆရာတော်ဦးဥတ္တမရုပ်တုရင်ပြင်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှု၊ ပန်းခြံအတွင်းရေတွင်းများ သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားရှိမှုနှင့် ကလေးကစားကွင်းတို့ကိုလည်းကောင်း၊ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ ဦးဥတ္တမခန်းမအား အကြီးစားပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေါင်းလောင်းကျောင်းလမ်း ရေစုကန်တွင်မှ မြို့ပေါ်ရပ်ကွက်များသို့ ရေကောင်းရေသန့်ပေးဝေနိုင်ရေးအတွက် ရေစုကန်အားအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရှုခင်းသာလမ်း စာတိုက်ကြီးလမ်းဆုံမှ ပွဲဂုံ့လမ်းပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်ပြီးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ဘားအံမြို့၌ နွေရာသီသင်တန်းများ အခမဲ့ဖွင့်လှစ်

**ဘားအံ မတ် ၇**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဆဋ္ဌမအကြိမ်မြောက် နွေရာသီ အခြေခံပန်းချီသင်တန်း (၁/၂၀၂၄) နှင့် နွေရာသီ အခြေခံအင်္ဂလိပ်စာ သင်တန်း (၁/၂၀၂၄) ကို ဘားအံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပန်းချီပညာရှင်များ၊ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စာ သင်တန်းတွင် ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း အဖွဲ့ဝင် ဆရာမ ဒေါ်မာလာထွန်းအုန်းနှင့် ဆရာ ဦးစောအောင်ဘတို့က Listening ၊ Speaking ၊ Reading ၊ Writing Four Skills ကိုလည်းကောင်း၊ အခြေခံပန်းချီသင်တန်းတွင် ပန်းချီပညာရှင်များဖြစ်သည့် ဆရာ ဦးစောနောင်စိုး၊ ဆရာဦးသစ်မင်း၊ ဆရာ ဦးသိန်းဇော်ဦးတို့က မျဉ်းဖြောင့်၊ မျဉ်းမတ်၊ မျဉ်း ကွေးရေးဆွဲနည်း၊ အရာဝတ္ထုပုံသဏ္ဍာန်များ ရေးဆွဲနည်း၊ ရှုခင်းပုံရေးဆွဲနည်းများ၊ ခဲပန်းချီရေးဆွဲနည်းများသင်တန်းကို မတ် ၁ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းများ၌ သင်တန်းသားသင်တန်းသူ ၉၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**စိုးစိုးအေး (ခရိုင်ပြန်/ဆက်)**



## မြဝတီမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၃၂၅ ဦး ဝင်ရောက်ဖြေဆိုမည်

**မြဝတီ မတ် ၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မတ် ၁၁ ရက်တွင် ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲကို ကျောင်းတွင်း ဖြေဆိုသူနှင့် ကျောင်းပြင်ပဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၅ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်ဝင် စာမေးပွဲတွင် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲတို့မှ ကျောင်းတွင်းဖြေဆိုသူ ကျောင်းသား ၁၃၇ ဦး၊ ကျောင်းသူ ၁၇၁ ဦး စုစုပေါင်း ၃၀၈ ဦးနှင့် ကျောင်းပြင်ပအလွတ်ဖြေဆိုသူ ကျောင်းသား သုံးဦး၊ ကျောင်းသူ ၁၄ ဦး စုစုပေါင်း ၁၇ ဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး အ.ထ.က(၁) မြဝတီစာစစ်ဌာန၌ ဝင်ရောက်ဖြေဆိုသူအားဖြင့် ဇီဝဗေဒဘာသာတွဲတွင် ၆၂ ဦး၊ ဘောဂဗေဒဘာသာတွဲတွင် ၂၅၃ ဦးနှင့် ဝိဇ္ဇာဘာသာတွဲတွင် ၁၀ ဦး စုစုပေါင်း ၃၂၅ ဦး ရှိကာ ယနေ့ထိ ဝင်ရောက်ဖြေဆိုခွင့်ကတ်ပြားထုတ်ယူသူ ကျောင်းသား ကျောင်းသူ ၃၀၀ ရှိပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက် မြို့ပတ်လမ်းသွယ်ရှိ ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Ceramic Floor Tile ၁၄၀၀ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် မတ် ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ကားတာယာမျိုးစုံ (Used) ၃၃၃ လုံးအပါအဝင် ကုန်ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၀၀၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း၊ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးဘေး၊ ရပ်ကွက် (၄) အတွင်းရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipo-vitan-D အားဖြည့်အချိုရည်ပုလင်း ၁၈၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၇၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၅ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Ceramic Tiles ၁၈၀၂၅ ဒသမ ၉၂ စတုရန်းမီတာ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၂၉၀၁၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ် အလံပြဘုရားလမ်း တိရစ္ဆာန်ရုံအနီး၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကိုလည်းကောင်း၊ မှော်ဘီခရိုင် မှော်ဘီမြို့နယ် ရန်ကုန်-ပြည်လမ်း မြို့ချောင်းတိုးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်) အမှတ်(၂၆)ရပ်ကွက် ဘုရင့်နောင်လမ်းမအနီး၌ လိုင်စင်မဲ့ Toyota Noah မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၆ ဒသမ ၄၆၈ တန်၊ အခြားသစ် ၂ ဒသမ ၉၄၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၄၁၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၄၃၁၉၄၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကျင့်ဝတ်လိုက်နာခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်သည့် အနာဂတ်ကို ဖန်တီးပုံဖော်ကြပါစို့

လင်းလက်နေခြည်

■ လူ့အဖွဲ့အစည်းအတွင်း လိုက်နာစောင့်ထိန်းအပ်သော အခြေခံကျင့်ဝတ်များသည် စုစည်းညီညွတ်မှုစွမ်းအားဖြင့် ဆောင်ရွက်ရသော နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်စု၊ အဖွဲ့အစည်းတစ်ခု၏ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့သည်။ မိမိကြောင့် တစ်ပါးသူ ထိခိုက်နစ်နာစေမည့် ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းသည် ကျင့်ဝတ်ဖောက်ဖျက်မှုများပင်ဖြစ်သဖြင့် ထိုကဲ့သို့သော လုပ်ဆောင်မှုများ မဖြစ်စေရေးအတွက် လိုအပ်သည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းကျောင်းတည့်မတ်ပေးရန် လိုအပ်

**ကျင့်ဝတ်ဟူသည် လူ့တန်ဖိုး**

မြန်မာအဘိဓာန်တွင် ကျင့်ဝတ်ကို “လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရား” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ “ကျင့်ဝတ်ဆိုသည်မှာ မိမိတို့ မည်သို့ အသက်ရှင်နေထိုင်သင့်သည်၊ မည်သည့် အပြုအမူတို့ကို မှန်မှန်ကန်ကန် ဆောင်ရွက်သင့်သည်တို့နှင့် စပ်လျဉ်းသည့် လူ့တန်ဖိုးသဘောတရားများကို နားလည်သဘောပေါက်သည်အထိ ကြိုးပမ်းခြင်းဖြစ်သည်”ဟု အတွေးအခေါ်ပညာရှင်နေဝ်မန်က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူ့ဘောင်လောကတွင် ရခဲလှသော လူအဖြစ်ကို ရရှိလာသူတိုင်း လူတစ်ဦးအနေဖြင့် လိုက်နာကျင့်ကြံ ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်သင့်သည့် အရာအားလုံးသည် လူ့ကျင့်ဝတ်များပင်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် တန်ဖိုးရှိသော လူတစ်ဦးဖြစ်စေရန် လူကျင့်ဝတ်များကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းထားရန် လိုအပ်သည်။

မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို လူ့ကျင့်ဝတ်များ၏အခြေခံဖြစ်သည့် “သူတစ်ပါးအသက်ကို မသတ်ခြင်း၊ သူတစ်ပါးမပေးအပ်သော ပစ္စည်းဥစ္စာကို မယူခြင်း၊ ယုတ်မာသော ကာမဂုဏ်အမှုကို မပြုကျင့်ခြင်း၊ မဟုတ်မမှန် မပြောဆိုခြင်း” စသည်တို့ကို လိုက်နာပါက လူ့ဘဝတွင် လူပီသစွာဖြင့် နေထိုင်နိုင်မည်ဖြစ်ကြောင်း ဟောကြားခဲ့သည်။ မကောင်းမှုဒုစရိုက်များကို ရှောင်ရှား၍ ကောင်းမှုသုစရိုက်များဖြင့် မွေ့လျော်ကြသူများသည် ကျင့်ဝတ်စောင့်စည်းသူများဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်ကြရာ၌ လူ့ကျင့်ဝတ်များကို လိုက်နာသူများသည် လူအများ၏ ကြည်ညိုလေးစားခြင်းကို ရရှိနိုင်မည်ဖြစ်သည်။ “ပန်းသတင်း လေညင်းဆောင် လူသတင်း လူချင်းဆောင်”ဆိုသည့် စကားနှင့်အညီ ကျင့်ဝတ်စံတန်ဖိုးများကို လေးစားလိုက်နာ၍ ကောင်းမှုကုသိုလ်များဖြင့်သာ မွေ့လျော်သူများ၏ ဂုဏ်သတင်းသည် လူမှုပတ်ဝန်းကျင်အတွင်း မွှေးပျံ့နေမည်ဖြစ်သည်။

**အဂတိတရားများ တို့ရှောင်ရှား**

လိုချင်တပ်မက်ခြင်း လောဘ၊ အမျက်ထွက် ရန်ငြိုးထားခြင်း ဒေါသ၊ အမှားအမှန်မသိ တွေဝေမိုက်မဲခြင်း မောဟ စသည်တို့သည် ကျင့်ဝတ်ဖောက်ဖျက်ရခြင်း၏ အဓိကအကြောင်းတရားများပင်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းသွားသည့်အခါတွင် လူတို့သည် အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ကင်းမဲ့သွားပြီး မိမိအတွက်ဆိုသည့် အတ္တစိတ်များဖြင့် လူတစ်ဦးတစ်ယောက် အနေဖြင့် မပြုကျင့်အပ်သော မကောင်းမှုဒုစရိုက်များကို ပြုကျင့်ကာ လူကျင့်ဝတ်များကို ချိုးဖောက်မိတတ်ကြသည်။ နေ့စဉ် ပြုမူပြောဆို၊ လုပ်ကိုင် ဆောင်ရွက်မှုတိုင်းတွင် “အတ္တဟိတ” ဆိုသည့် ကိုယ်ကျိုးနှင့် “ပရဟိတ” ဆိုသည့် အများအကျိုးတို့ အကြား မှန်ကန်မျှတစွာ ရပ်တည် ဆောင်ရွက်နိုင်ရန်အတွက် ထိန်းသိမ်းတည့်မတ်ပေးမည့် လူ့ကျင့်ဝတ်များကို လက်ကိုင်ထားကာ ဘဝအမှားများကို ဖယ်ရှားနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

မြတ်စွာဘုရားရှင်က ကိလေသာကို မထိန်းနိုင်ဘဲ ရင်တွင်းဖြစ်ပေါ်လာသည့် ခံစားချက်များကို အခြေခံ၍ ချစ်ခင်နှစ်သက်သောစိတ်ကြောင့် ဖြစ်ပေါ်လာရသည့် ဆန္ဒာဂတိ၊ အမုန်းရန်ငြိုးတို့ကြောင့် ဖြစ်ပေါ် လာရသည့် ဒေါသာဂတိ၊ ကြောက်ခြင်းကြောင့် ဖြစ်ပေါ်လာရသည့် ဘယာဂတိ၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိ၍ ဖြစ်ပေါ်လာရသည့် မောဟာဂတိတို့သည် လူ့ကျင့်ဝတ်ကို ချိုးဖောက်၍ အခြားသူများကို ဒုက္ခရောက်စေသော မကောင်းမှုဒုစရိုက် အဂတိတရားများပင် ဖြစ်သဖြင့် သတိထား ဆင်ခြင်သင့်ကြောင်း ဟောကြားခဲ့ခြင်းဖြစ်သည်။ အမှားအမှန်ကို ပိုင်းခြားဝေဖန်တတ်သည့် အသိဉာဏ်ပညာနှင့် အရာရာကို သတိတရားဖြင့် ဆင်ခြင်ကာ ကိုယ်ကျင့်တရားတို့ကို လက်ကိုင်ထားခြင်းဖြင့် ကျင့်ဝတ်ချိုးဖောက်သည့် အပြုအမူများနှင့် အဂတိလိုက်စားမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

**လိုအင်ဆန္ဒဖြည့်တင်းကြရာတွင်**

လူသားတစ်ဦးအနေဖြင့် အသက်ရှင်ရပ်တည်နေထိုင်ရာတွင် “စား၊ ဝတ်၊ နေရေး”ဆိုသည့် လူ့ဘဝ၏ ပဓာန လိုအပ်ချက်(၃)ရပ်ကို ဖြည့်တင်းနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို မဖြစ်မနေလုပ်ကိုင်ကြရမည်ဖြစ်သည်။ မိမိလုပ်ကိုင်ရသည့် အလုပ်နှင့်စပ်လျဉ်း၍ လိုက်နာရမည့် “စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ မိမိအလုပ်အပေါ် သစ္စာရှိခြင်း၊ လုပ်ငန်းခွင်အတွင်း လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိခြင်း၊ မှန်ကန်တည့်မတ်စွာ ဆောင်ရွက်နိုင်ခြင်း၊ တစ်ပါးသူအပေါ် ထိခိုက်စေမည့် လုပ်ရပ်များကို ရှောင်ကြဉ်ခြင်း” စသည်တို့သည် လုပ်ငန်းခွင်အတွင်း ထားရှိရမည့် အခြေခံကျင့်ဝတ်များပင်ဖြစ်သည်။

လူ့ဘဝတွင် ပစ္စည်းဥစ္စာရှာဖွေ၍ ဘဝ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ကြရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ မိမိကြွယ်ဝချမ်းသာရေးအတွက် ပစ္စည်းဥစ္စာများ ရှာဖွေရာတွင် လောဘစိတ်များဖယ်ရှားကာ အခြားသူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့် လုပ်ရပ်များဖြင့် အသက်မွေးခြင်းကို ရှောင်ရှားခြင်းသည် လူ့ကျင့်ဝတ်စောင့်စည်းခြင်းပင်ဖြစ်သည်။ “သမ္မာအာဇီဝ” ဆိုသည့် ကောင်းမွန်သည့် အသက်မွေးမှုတို့ဖြင့် ရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာများသည် မိမိ၏ ဘဝကို စစ်မှန်သောပျော်ရွှင်မှုကို ပေးစွမ်းနိုင်သော စစ်မှန်သော ပစ္စည်းဥစ္စာပင်ဖြစ်သဖြင့် ချမ်းသာခြင်းအစစ်ကို ရယူနိုင်မည်ဖြစ်သည်။

မြင့်မြတ်သူတိုင်း ကျင့်ကြံအပ်သော ပါရမီတော်ဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော သီလပါရမီသည် မိမိအပါအဝင် လောကကို ကောင်းကျိုးဆောင်၍ လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် ကမ္ဘာလောက အေးချမ်းသာယာရေးအတွက် မရှိမဖြစ်စောင့်ထိန်းအပ်သည့် အရာပင်ဖြစ်သည်။ သီလဆိုသည်မှာ ကိုယ်ကျင့်တရားပင်ဖြစ်ပြီး ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသည့်စောင့်ထိန်းအပ်သော ကျင့်ဝတ်တရားများကို စောင့်ထိန်းခြင်းဖြင့် ကိုယ်ကျင့်သီလကောင်းမွန်သော လူတစ်ဦးအဖြစ် ရပ်တည်နိုင်ရေး ကြိုးစားဆောင်ရွက်သင့်သည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ မိမိ၏လုပ်ဆောင်မှုတိုင်းတွင် တစ်ပါးသူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်မည့် လုပ်ရပ်များမပါဝင်စေရေး အစဉ်တစိုက် အလေးထားဆောင်ရွက်ခြင်းဖြင့် ကိုယ်ကျင့်သီလကောင်းမွန်သောသူများ ဖြစ်စေရန် ကြိုးစားသင့်သည်။

**ကျင့်ဝတ်တရား အလေးထား**

ကျင့်ဝတ်ဆိုင်ရာ အယူအဆများကို လေ့လာကြည့်မည်ဆိုပါက ဓလေ့ထုံးတမ်းဆိုင်ရာ တွေးခေါ်ယူဆချက်များနှင့် ဘာသာတရားဆိုင်ရာ အဆုံးအမများကို အခြေခံထားခြင်းသာဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုးကွယ်ယုံကြည်မှု အများဆုံးဖြစ်သည့် “ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ” စသည့် ဘာသာကြီးလေးမျိုး၏ အဓိကအဆုံးအမများကို လေ့လာကြည့်မည်ဆိုပါကလည်း “သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ လိမ်လည်ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါးမပေးသော ပစ္စည်းဥစ္စာကို ရယူခြင်းမှ ရှောင်ကြဉ်ခြင်း” စသည့်အခြေခံအဆုံးအမများသည် ကျင့်ဝတ်ဆိုင်ရာ ယူဆချက်များ၏ မြစ်ဖျားခံရာ အဆုံးအမများပင် ဖြစ်သည်။

ဘာသာရေးဆိုင်ရာ အဆုံးအမများ၊ ဓလေ့ထုံးတမ်းအစဉ်အလာ အယူအဆများသည် လူ့အဖွဲ့အစည်းအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့ရောက်ရှိလာပြီး လူ့အဖွဲ့အစည်းအတွင်း လိုက်နာစောင့်ထိန်းအပ်သော အခြေခံကျင့်ဝတ်များသည် စုစည်းညီညွတ်မှုစွမ်းအားဖြင့် ဆောင်ရွက်ရသော နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်စု၊ အဖွဲ့အစည်းတစ်ခု၏ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့သည်။ မိမိကြောင့် တစ်ပါးသူထိခိုက်နစ်နာစေမည့် ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းသည် ကျင့်ဝတ်ဖောက်ဖျက်မှုများပင်ဖြစ်သဖြင့် ထိုကဲ့သို့သော လုပ်ဆောင်မှုများ မဖြစ်စေရေးအတွက် လိုအပ်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းကျောင်းတည့်မတ်ပေးရန် လိုအပ်သည်။

**အများပြည်သူအကျိုး သယ်ပိုးရာတွင်**

အများပြည်သူဆိုင်ရာ ရုံးဌာနများတွင် တာဝန်ယူဆောင်ရွက်သူများသည် အများပြည်သူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစိုးရနှင့် ပြည်သူအကြားတွင် တည်ရှိပြီးဖြစ်သော အပြန်အလှန်ယုံကြည်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်ရသော သူများဖြစ်သဖြင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ကျင့်ဝတ်ကို အထူး အလေးထားစောင့်ထိန်းရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံအများအပြားတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် နိုင်ငံ့ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကိုယ်ကျင့်သိက္ခာနှင့် အပြုအမူဆိုင်ရာများအပေါ် တန်ဖိုးထားလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျင့်ဝတ်များကို ရေးဆွဲပြဋ္ဌာန်းထားကြခြင်းဖြစ်သည်။

ကုလသမဂ္ဂက အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ကျင့်ဝတ်လိုက်နာစောင့်ထိန်းခြင်းသည် အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စေသကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုကို ပိုမိုခိုင်မာစေသဖြင့် ၁၉၉၆ ခုနှစ်တွင် “International Code of Conducts for Public Officials” ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုထုတ်ပြန်ချက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ “အများပြည်သူဆိုင်ရာ အရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိစွာ ဆောင်ရွက်နိုင်စေရန်၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်၊ မျှတစွာနှင့် ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်တတ်စေရန်၊ အကျိုးစီးပွားပဋိပက္ခဖြစ်ပွားမှုများ မရှိစေရန်” ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းထားသည်။

**ဝန်ထမ်းကျင့်ဝတ်**

မြန်မာနိုင်ငံတွင် ၁၉၉၁ ခုနှစ်က ပြုစုထုတ်ဝေခဲ့သည့် ဝန်ထမ်းကျင့်ဝတ်စာစောင်ကို ခေတ်စနစ်နှင့်အညီ ဖြစ်စေရန် ၂၀၀၄ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ပြင်ဆင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပိုဒ် ၁ (ဠ) တွင် “ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူပြုခြင်း”၊ အပိုဒ် ၇ (ဌ) တွင် “လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း” နှင့် ၇ (ဍ) တွင် “တာဝန်အရဆောင်ရွက်ရန်ရှိသည့် အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း” တို့ကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အတတ်ပညာပိုင်းဆိုင်ရာ ပြည့်စုံပြီး ဘက်လိုက်မှုကင်းရှင်းစွာဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ကျင့်ဝတ်စောင့်ထိန်းကာ အဂတိလိုက်စားမှုကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ၂၀၂၂ ခုနှစ် မေလ ၂၈ ရက်နေ့တွင် “နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ” ကို ထုတ်ပြန်ခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး ညှိနှိုင်းဆွေးနွေး

မုံရွာ မတ် ၇

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄)ကို မတ် ၆ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်များ၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရွှေဘိုခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။**



တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြို့နယ်၊ ရပ်ကွက်ကျေးရွာများအလိုက် လုံခြုံရေး အထောက်အကူပြုနိုင်ရန်အတွက် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ ကောလာဟလများ ထုတ်လွှင့်နေခြင်းကြောင့် ဝန်ထမ်းများ၊ ပြည်သူများ သတင်းမှန် သိရှိနိုင်စေရေး ရှင်းလင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့၊ အစိုးရ၊ ဌာနဆိုင်ရာနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့အပြင် စိုက်ပျိုးရေးတွင် အဓိကသီးနှံများ စိုက်ကေပြည့်မီအောင်စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေး၍ သီးနှံအထွက်နှုန်း တိုးမြှင့်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လျာထားအခွန်အခများ ပြည့်ဝစွာကောက်ခံရရှိရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီပြီးစီးရေး၊ အဆောက်အအုံစာရင်းများကောက်ခံမှု သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးရေး၊ တက္ကသိုလ်ဝင်စာမေးပွဲများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးတို့ကိုလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ခရိုင်/ မြို့နယ်များအတွင်း ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၌ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ လူငယ်ပွဲတော် (World Youth Festival 2024 ) သို့ မြန်မာနိုင်ငံမှ လူငယ်များ ပါဝင်တက်ရောက်

**ဆိုချီ(ရုရှား) မတ် ၇**

၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ လူငယ်ပွဲတော် (World Youth Festival 2024 ) ကို ရုရှားနိုင်ငံ ဆိုချီမြို့တွင် မတ် ၁ ရက်မှ ၆ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ လူငယ် ၁၀ ဦး ပါဝင်တက်ရောက်ကြသည်။

အဆိုပါ ပွဲတော်ကို “အနာဂတ်ကို အတူတကွစတင်ကြပါစို့” ( Let's start the Future Together) ဆောင်ပုဒ်နှင့်အညီ ကမ္ဘာကြီး၏ အနာဂတ်အတွက် လူငယ်များ အတူတကွ ပေါင်းစည်းညီညွတ်၍ ငြိမ်းချမ်းချစ်ကြည်မှု ဖော်ဆောင်ပေးနိုင်ရန်နှင့် ကမ္ဘာ့လူငယ်များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ လူငယ်နှစ်သောင်းခန့် ပါဝင်တက်ရောက်ခဲ့သည့် အကြီးဆုံး လူငယ်ပွဲတော်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများမှ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာသမားများ၊ ယဉ်ကျေးမှုနှင့် အားကစားသမားများ၊ စေတနာ့ဝန်ထမ်းများ ပါဝင်တက်ရောက်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က ကမ္ဘာ့နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ် ၁၀၀ ကျော်နှင့် မတ် ၆ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် တွေ့ဆုံခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ မပုလဲဖြူ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မောင်သက်ပိုင်စိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မမြတ်သန္တာအောင်တို့ သုံးဦးအား ကိုယ်စားလှယ်အဖြစ် ထပ်မံရွေးချယ်ပြီး တက်ရောက်ခဲ့ကြသည်။




အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံအသီးသီးမှ လူငယ်များက ရိုးရာဝတ်စုံများဝတ်ဆင်၍ တက်ရောက်ကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့ကလည်း မြန်မာ့ရိုးရာဝတ်စုံများဝတ်ဆင်၍ ပါဝင်တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲ၌ ရုရှားသမ္မတက လူငယ်များ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန် တိုက်တွန်းအားပေးစကားများ ပြောကြားပြီး လူငယ်ကိုယ်စားလှယ်များက ကမ္ဘာကြီးနှင့် အနာဂတ်လူငယ်များအကြောင်း၊ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေးနှင့် လက်မှုနည်းပညာများအကြောင်းတို့ကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးမေးမြန်းကြရာ ရုရှားသမ္မတနှင့်အဖွဲ့က ပြန်လည်ဖြေကြားသကဲ့သို့ တက်ရောက်လာသည့် လူငယ်များကလည်း ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာလူငယ်ပွဲတော်ကို နိုင်ငံတကာအဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ လက်ခံကျင်းပပေးခြင်းအပေါ် ရုရှားသမ္မတနှင့်တကွ ရုရှားပြည်သူများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြန်လည်ပြောကြားကြသည်။

ယင်းပွဲတော်ကာလအတွင်း တက်ရောက်လာကြသည့် လူငယ်များသည် ရုရှားနိုင်ငံ၏ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြကြောင်းလည်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ဝန်ထမ်းများ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများတွင် ကျင့်ဝတ်ချိုးဖောက်သည့် အပြုအမူများမှသည် အဂတိလိုက်စားမှုများဆီသို့ ဦးတည်သွားနိုင်မည့် အခြေအနေများမှ ကင်းကွာနိုင်စေရန် စံတန်ဖိုးများ အပိုဒ် ၁၄ (က) တွင် “အဂတိတရားကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးရန်” သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည်။

**လူငယ်များသို့**

ကျင့်ဝတ်ဆိုသည်မှာ လူတစ်ဦး၏ ပင်ကိုဗီဇနှင့် ဆက်နွှယ်နေပြီး ကျင့်ဝတ်စောင့်ထိန်းသော လူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပုံဖော်နိုင်ရန်နှင့် ဖြောင့်မတ်တည်ကြည်မှုကို စောင့်ထိန်းသော၊ အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေး ဆောင်ရွက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍကလည်း အလွန်အရေးကြီးသည်။ ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို တန်ဖိုးထားထိန်းသိမ်းတတ်ပြီး ကျင့်ဝတ်လိုက်နာသော လူငယ်လူရွယ်များကို မွေးထုတ်ပေးနိုင်မည်ဆိုပါက အနာဂတ်တွင် အဂတိကင်းစင်သော မျိုးဆက်တစ်ခုကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး မူလတန်းနှင့် အလယ်တန်းအဆင့် ဆရာကိုင်စာအုပ်များ၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို ပြုစုထုတ်ဝေထားပြီး လူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်နေသည်။ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး အစီအစဉ်များကို အခြေခံပညာကျောင်းများတွင် ဆောင်ရွက်နေခြင်းနှင့် ကျောင်းသားလူငယ်စကားဝိုင်းများကို ကျင်းပပေးနေခြင်းတို့သည် ကျင့်ဝတ်လိုက်နာသော၊ အဂတိကင်းစင်သော မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ချက်များပင်ဖြစ်သည်။ စာရိတ္တကောင်းမွန်သော၊ ဖြောင့်မတ်တည်ကြည်သော၊ ကိုယ်ကျင့်သိက္ခာပြည့်စုံသော၊ လူ့ကျင့်ဝတ်များကို စောင့်ထိန်းသော လူငယ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် ကျင့်ဝတ်စံနှုန်းများကို လေးစားလိုက်နာ၍ အဂတိလိုက်စားမှုကင်းစင်သည့် အနာဂတ်ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။

**အဂတိကင်းစင်သော အနာဂတ်ဆီသို့**

“ကျင့်ဝတ်” ဆိုသည်မှာ လူတစ်ဦး၏ ကိုယ်ပိုင်စရိုက်လက္ခဏာပင်ဖြစ်သဖြင့် ကျင့်ဝတ်လိုက်နာ စောင့်ထိန်းသော ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပုံဖော်ရာတွင် ကိုယ်တိုင်ကစ၍ ပြုပြင်ရသည်။ သေးငယ်သော မိုးရေစက်ကလေးများကို စနစ်တကျ စုစည်းလိုက်သည့်အခါ သာယာလှပသော ရေကန်လေးများ ဖြစ်လာနိုင်သကဲ့သို့ လူတစ်ဦးချင်းစီက ကျင့်ဝတ်စောင့်ထိန်းခြင်းဖြင့် ငြိမ်းချမ်းသာယာလှပသော လူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းဖြင့် လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များကလည်း စာရိတ္တဗလပြည့်စုံသော ကျင့်ဝတ်စောင့်ထိန်းသော လူငယ်များအဖြစ် ကြိုးစားဆောင်ရွက်ကြခြင်းဖြင့်လည်းကောင်း၊ ပြည်သူတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုကို သည်းခံခွင့်လွှတ်ခြင်းမပြုသော စိတ်ဓာတ်များ ထားရှိ၍ လည်းကောင်း ကျင့်ဝတ်စောင့်ထိန်းသော အမူအကျင့်များမှသည် အဂတိလိုက်စားမှု ကင်းစင်သော အနာဂတ်ကို ဖန်တီးပုံဖော်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ရည်ညွှန်းကိုးကား**

- **နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် “နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ”၊**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် Website။**

## မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် စစ်မှုထမ်းရန် ရပ်ကွက်တစ်ခုကို လူ ၂၀ တောင်းခံနေကြောင်း ကောလာဟလ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်များတွင် စစ်မှုထမ်းရန်အတွက် ရပ်ကွက်တစ်ခုလျှင် လူ ၂၀ ပေးရန် တောင်းခံနေကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်များက လုပ်ကြံရေးသားပြီး လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်များမှ ရပ်ကွက်တစ်ခုလျှင် လူ ၂၀ ကို တောင်းခံနေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့် နေ့မှစ၍ ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် နေစဉ်နှင့်အမျှ ခြောက်လှန့်လျက်ရှိသည်ကို မိဘပြည်သူများအနေဖြင့်လည်း သိရှိပြီးဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း ဥပဒေ၏ ပြဋ္ဌာန်းချက်များသည် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာ စသည့် တစ်ဦးတစ်ယောက် တစ်မြို့တည်းကိုသာ သက်ရောက်မှုရှိခြင်း မဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ မြို့ရွာများမှ အကျုံးဝင်သူအားလုံးနှင့် သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့်အတွက် ကောလာဟလသတင်းများကို ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမရှိစေရန်နှင့် သိရှိနားလည်စေရန် အတွက်လည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ မိမိတို့သိရှိလိုသည်များ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငါန်းဇွန်မြို့နယ် ရေလည်သောင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ကျေးရွာနေပြည်သူအားလုံးကို ရွာထဲတွင်ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရေလည်သောင်ကျေးရွာကို မတ် ၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူအားလုံးကို ရွာထဲတွင် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ ၎င်းတို့၏ တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်သည်လည်း PDF အမည်ခံ အကြမ်းဖက်သမားများမှ ကျေးရွာများအတွင်း ဝင်ရောက်လှုပ်ရှားမှု မရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းမရှိစေရန်အတွက် ငါန်းဇွန်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို




ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာမှ ဒေသခံပြည်သူများကို ဖမ်းဆီးထားခြင်းမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❊ *ကျောဖုံးမှ*

အလုံမြို့မရဲစခန်းတွင် (ပ)၅၄/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅၊ ၃၉၇ ဖြင့် အမှုဖွင့်၍ စုံစမ်းလျက်ရှိသည်။

အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် 4E-7950 Probox ခဲရောင် (၄ား) ယာဉ်၏ ယာဉ်မောင်းမှာ ကိုရဲ(ခ)ရဲကျော်လင်းဖြစ်ကြောင်းသိရှိရပြီး ၎င်းအား ဖမ်းဆီးစစ်ဆေးဖော်ထုတ်ချက်အရလည်းကောင်း၊ အမာခံ သတင်းပေးများ၊ ပတ်ဝန်းကျင်သက်သေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြမ်းဖက်မှု၊ ဓားပြတိုက်မှု၊ လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထု၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူများသည် YGN-13 2E-6732 Toyota Hilux Surf နက်/ပြာရောင် မော်တော်ယာဉ်တစ်စီး၊ YGN-43 3E-5925 Suzuki Swift အပြာရောင်မော်တော်ယာဉ်တစ်စီး စုစုပေါင်း မော်တော်ယာဉ်နှစ်စီးတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ပုဗ္ဗာရုံကျောင်းတိုက်ဝင်းအတွင်း၌ ရောက်ရှိတိမ်းရှောင်နေကြောင်း သတင်းရရှိ၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ချိတ်ဆက်၍ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်သော ငမျိုး (ခ) ကိုမျိုး (ခ) ရဲမျိုးသိန်းပါ ခြောက်ဦးနှင့်အတူ အခြားအမှုမှ ဆက်စပ်တရားခံ မျိုးမင်းနိုင်(ခ) အရှည်ကြီးပါ သုံးဦး စုစုပေါင်း ကိုးဦးအား စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့က မတ် ၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် မော်တော်ယာဉ်နှစ်စီး၊ ဓားရှည်ငါးချောင်း၊ ဓားမြှောင်နှစ်ချောင်း၊ လေးခွတစ်လက်၊ သံကုန်းသီး ၄၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**အလုံမြို့မရဲစခန်း(ပ)၅၄/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ ၃၉၅၊ ၃၉၇၊ ၅-၃-၂၀၂၄ ရက်နေ့ ၁၄၅၀ အချိန် အလုံမြို့နယ်၊ ဆင်ရေကန်လမ်းတွင် ဦးနေလင်းအောင်(အထက်တန်းရှေ့နေ)အား ဝိုင်းဝန်း၍ ဓားဖြင့်ခုတ်ကာ လက်ကိုင်ဖုန်းလုယက်မှုမှ တရားခံ ကျားခုနစ်ဦး ဖမ်းဆီးရမိမှု အခြေပြဇယား။**




ဖမ်းဆီးရမိသူ ငမျိုး (ခ) ကိုမျိုး (ခ) ရဲမျိုးသိန်းသည် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ) ၂၂၅/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၂၄၊၃၂၃/၁၁၄၊ ဝေဘာဂီနယ်မြေရဲစခန်း (ပ)၅၂၂/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ နှင့် ကမာရွတ်မြို့မရဲစခန်း (ပ) ၂၂၉/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၂၆/၁၁၄ အမှုများနှင့် ထွက်ပြေးတိမ်းရှောင်နေသည့်အပြင် ငမျိုး(ခ)ကိုမျိုး(ခ) ရဲမျိုးသိန်း၊ ဥက္ကာနှင့် အောင်ကြီး(ခ)အောင်မြတ်မင်းတို့သုံးဦးသည် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ)၂၀၆/၂၀၂၃၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ သေဆုံးသူ ဦးကျော်ဝင်းစိန်အား သတ်ဖြတ်ရာတွင် အဓိကဦးဆောင်သူများဖြစ်ကြောင်း သေဆုံးသူ၏မိသားစုများထံမှ စွပ်စွဲခံထားရသူများဖြစ်၍ တရားခံများအား ဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရေး အသေးစိတ် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

ရပ်နားထားခြင်းဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ကစားရန် စခန်းဝင် လေ့ကျင့်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ဆက်လက်ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ပြည်ပကလပ်များတွင် သွားရောက်ကစားနေသည့် ခင်မာလာထွန်းနှင့် ဝင်းသီဂီထွန်းတို့ ပါဝင်လာခြင်းမရှိပေ။ ယခု ရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် လူငယ်ကစားသမား အများစု ပါဝင်လာသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ခြေစမ်းပွဲ ကစားနိုင်ရန် အာရှဒေသတွင်းမှ အသင်းများအား ဖိတ်ကြားလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို **နည်းပြချုပ်**အဖြစ် ယုကီတက်ဆုရို၊ လက်ထောက် **နည်းပြများ**အဖြစ် ဦးစထက်နိုင်ဝင်း၊ ဒေါ်စန်းစန်းမော်၊ **ဂိုးနည်းပြ**အဖြစ် ဦးစိန်အေးတို့က တာဝန်ယူဆောင်ရွက်နေပြီး ကစားသမားများအဖြစ် **ဂိုး**-မေဇင်နွယ်၊ မေဦးခင်၊ မျိုးမြမြငြိမ်း၊ ထက်အိန္ဒြာလင်း၊ အိစန္ဒာဇော်၊ **နောက်တန်း** - ဇွန်ယုယဦး၊ အိအိကျော်၊ ယုယုနိုင်၊ မိုးမမစိုး၊ ဖြူဖွေး၊ မေသက်မွန်မြင့်၊ ခိုင်သဇင်၊ လင်းလဲ့ဦး၊ ဖြူဖြူဝင်း၊ **အလယ်တန်း**-နော်ထက်ထက်ဝေ၊ ဆွေမာအောင်၊ ခင်မိုမိုထွန်း၊ မိုးမိုးသန်း၊ ဝင်းဝင်း၊ပုံပုံပြည့်မောင်၊ ဝေဖူးအိမ်၊ **ရှေ့တန်း** - ရှုပါခိုင်၊ ဂျူလိုင်ကျော်၊ ရွှေရည်ထွန်း၊ ဟေမာန်စိုး၊ စန်းသော်သော်၊ ဇင်မိုးပြည့်၊ မြတ်နိုးခင်၊ ယဉ်လွန်းအိမ်၊ ယွန်းဝတီလှိုင်၊ စန္ဒာလင်းတို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ - MFF**

❖ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်ကို ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၆၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ လိုက်ပ်ဇစ်အသင်းသည် ယခုပွဲစဉ်တွင်ပြတ်သားသောရလဒ်ထွက်ပေါ်မှသာ နောက်တစ်ဆင့်တက်လှမ်းနိုင်မည် ဖြစ်သည့်အတွက် အသင်းကို အကောင်းဆုံးပြင်ဆင်လာသောကြောင့် ပွဲမှာ အကြိတ်အနယ်ရှိပြီး အိမ်ရှင် ရီးရဲမက်ဒရစ်အသင်းကို ပွဲချိန်တစ်လျှောက် အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။

ပွဲချိန် ၆၅ မိနစ်တွင်ရီးရဲမက်ဒရစ် အသင်းအတွက် ဦးဆောင်ဂိုးရရှိခဲ့ပြီး ဘယ်လင်ဂမ်၏ ဖန်တီးမှုမှ ဗင်နီစီးယပ်စ်က သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ဦးဆောင်ဂိုးရပြီး သုံးမိနစ်အကြာတွင် လိုက်ပ်ဇစ်အသင်း၏ ချေပဂိုးကို ပြန်လည်ခွင့်ပြုပေးခဲ့ရသည်။ လိုက်ပ်ဇစ်အသင်းအတွက် ချေပဂိုးကို အော်ဘန်က သွင်းယူပေးခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့သော ဘယ်လင်ဂမ်သည် ၂၀၀၇-၂၀၀၈ ရာသီတွင် လီဗာပူးအသင်းမှ စတီဗင်ဂျရတ်ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ တစ်ရာသီအတွင်း အနည်းဆုံးသွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်နိုင်သည့် ပထမဆုံးအင်္ဂလန်ကစားသမား ဖြစ်လာခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့မှ အခြားသောပွဲစဉ်အဖြစ် မန်စီးတီးနှင့် ကိုပင်ဟေဂင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် နှစ်ကျော့ပေါင်း ရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် ကိုပင်ဟေဂင်အသင်းကို အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

**အောင်ဇော်**

## လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သီလရှင်ကျောင်းတိုက်များသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ စသောလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း



လွိုင်ကော် မတ် ၇

ကယားပြည်နယ် လွိုင်ကော်မြို့ ပေါ်ရှိဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သီလရှင်ကျောင်းတိုက်များသို့ ဆန် ၊ ဆီ ၊ ဆား၊ ပဲ စသောလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ရာ ပင့်ဖိတ်ထားသော သံဃာတော်များ၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်ဦးကျောင်းဆရာတော် အရှင်သူမြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညို ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် (ယာပုံ)နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များက သံဃာတော်အရှင်သူမြတ်များထံ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ နဝကမ္မ စသောလှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းပြီး တပ်ဦး ကျောင်းဆရာတော် အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ဆက်ကပ်လှူဒါန်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့မှ လွိုင်ကော်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၈၃ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်းတို့မှ သံဃာတော် အပါး၂၃၀ နှင့် သီလရှင် နှစ်ပါးတို့ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ဆက်ကပ်လှူဒါန်းရာတွင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၇၆၆၉၂၀၀ ဖြစ်ကြောင်း သိရသည်။ ပြည်နယ် (ပြန်/ဆက်)

## လယ်ဝေးမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ကူး တံတားများနှင့်ချဉ်းကပ်လမ်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

လယ်ဝေး မတ် ၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က လယ်ဝေးမြို့နယ်အတွင်းရှိစစ်တောင်းမြစ်ကူးတံတားများနှင့် ချဉ်းကပ်လမ်း၊ မြေထိန်းနံရံတည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ရုံးပင် - အေးချမ်းသာကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရုံးပင် - အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတား ပေ ၈၄၀ တည်ဆောက်ခြင်း၊ ချဉ်းကပ်လမ်း ကတ္တရာခင်းခြင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုများနှင့် ပေါင်းလောင်း-ကြို့ပင်သာတံတား ပေ ၆၀၀ တည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ ရေရှည်တည်တံ့ရေးနှင့်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ ရုံးပင် - အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ပြီးစီးပါက ကျေးရွာ ငါးရွာမှ လူဦးရေ ၆၇၂၇ ဦးနှင့် ပေါင်းလောင်း - ကြို့ပင်သာတံတားတည်ဆောက်ပြီးစီးပါက ကျေးရွာ ၁၇ ရွာမှ လူဦးရေ ၁၈၀၈၄ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)



## ရန်ကုန်မြို့၌ ကွင်းတွင်းစက်ဘီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကျင်းပမည့် ကွင်းတွင်းစက်ဘီးပြိုင်ပွဲကို မတ် ၂၂ ရက်နှင့် ၂၃ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်အမျိုးသမီး.နောက်ကျန်ထွက် အုပ်စုတစ်ဦးချင်း၊ အမျိုးသားနောက်ကျန်ထွက်အုပ်စု တစ်ဦးချင်း၊ အမျိုးသားမီတာ ၈၀၀ အုပ်စုတစ်ဦးချင်း၊ အမျိုးသားမီတာ ၄၀၀၀ အသင်းလိုက်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင်အသင်းလိုက်ပြိုင်ပွဲအတွက် အနည်းဆုံးကစားသမား သုံးဦးနှင့် အများဆုံး လေးဦးအထိ စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ဦးရေ သတ်မှတ်ထားသဖြင့် မတ် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဖုန်း - ၀၉- ၂၅၀၇၂၉၂၀၉၊ ၀၉-၂၅၀၃၆၀၆၆၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အာကာစိုး

## MFF ဖူဆယ်လိဂ်-၁ Play-off ဆီမီးဖိုင်နယ်ပွဲအဖြစ် MIU နှင့် Generations အသင်း ယနေ့ကစားမည်

ရန်ကုန် မတ် ၇

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ မတ် ၅ ရက်က ပြီးဆုံးခဲ့ပြီး ချန်ပီယံဆုအတွက် ပထမဆုံး Play-off ဆီမီးဖိုင်နယ်ပွဲအဖြစ် MIU အသင်းနှင့် Generations အသင်းသည် မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ဒုတိယအကျော့အပြီး အမှတ်အများဆုံး ရရှိသည့် ထိပ်ဆုံးသုံးသင်းမှာ ချန်ပီယံဆုအတွက် Play-off ပွဲစဉ် ပြန်ကစားရပြီး အဆင့် (၂)နေရာရ MIU အသင်းနှင့် အဆင့် (၃)နေရာရ Generations အသင်းတို့က ဆီမီးဖိုင်နယ် ကစားရခြင်းဖြစ်သည်။ ယနေ့ကစားမည့် ဆီမီးဖိုင်နယ် ပထမဆုံးပွဲတွင် MIU အသင်း အနိုင်ရပါက နောက်ပွဲဆက်ကစားရန်မလိုဘဲ ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်ပြီး Generations အသင်း အနိုင်ရပါက နောက်ပွဲများ ဆက်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၈၊ ၁၀၊ ၁၂ ရက်တွင် ကျင်းပရန် စီစဉ်ထားပြီး တစ်ပွဲ သို့မဟုတ် နှစ်ပွဲတည်းဖြင့် အဖြေထွက်ပေါ်နိုင်သလို အဖြေမပေါ်ပါက တတိယပွဲတွင် အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။ အဆင့်(၁)နေရာရခဲ့သည့် VUC အသင်းသည် ဗိုလ်လုပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ဒုတိယအကျော့အပြီး အဆင့်ရပ်တည်မှု မြင့်မားသည့်အသင်းများကို ဦးစားပေးထားပြီး ဗိုလ်လုပွဲတွင်လည်း ပထမဆုံးပွဲတွင် VUC အသင်းအနိုင်ရပါက ချန်ပီယံဆုရယူနိုင်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်မှ တက်ရောက်လာသည့်အသင်း အနိုင်ရပါက နောက်ပွဲ ထပ်မံကစားရမည်ဖြစ်သည်။ ရဲရင့်လွင်

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၁၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၃၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၅၀၂ | ၄၁၃၆၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၅၇၆ | ၄၅၇၄၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၈၅၉၇ | ၁၃၁၅၇၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၅၁ | ၂၆၄၂၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၄၀၈ | ၂၄၁၄၀၀၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## မွန်ပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## မြို့ဝင်ဘီးကောက်လုပ်ငန်းများ လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ပေါင်နှင့် ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် မြို့ဝင်ဘီးကောက်လုပ်ငန်းလုပ်ကိုင်ခွင့် အခွင့်အရေးလိုင်စင်များကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ (ပထမအကြိမ်) လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ **လေလံလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့် နေ့ရက်/ နေရာ** - ကြော်ငြာပါသည့်ရက်မှစ၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ဝယ်ယူနိုင်ပါသည်။

၃။ **လေလံလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံး ရက်၊ အချိန်၊ နေရာ** - လေလံတင်ရောင်းချသည့် နေ့ရက်မတိုင်မီ (၁)ရက် ကြိုတင်၍ မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထားပြီး သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးများ၌ လျှောက်လွှာတင်သွင်းရန် ဖြစ်ပါသည်။

၄။ မြို့နယ်အလိုက် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် လေလံတင်ရောင်းချသွားမည်ဖြစ်ပြီး ရောင်းချမည့် နေ့ရက်/ အချိန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | နေ့ရက်/ အချိန် | မြို့နယ် (ရောင်းချမည့်နေရာ) |
|---|---|---|
| (က) | (၁၅-၃-၂၀၂၄)၊ နံနက်(၁၀:၀၀)နာရီ | မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ |
| (ခ) | (၁၅-၃-၂၀၂၄)၊ မွန်းလွဲ(၁၃:၀၀)နာရီ | ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ |
| (ဂ) | (၁၈-၃-၂၀၂၄)၊ နံနက်(၁၀:၀၀)နာရီ | မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ |
| (ဃ) | (၁၈.၃.၂၀၂၄)၊ မွန်းလွဲ(၁၃:၀၀)နာရီ | ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ |
| (င) | (၁၉-၃-၂၀၂၄)၊ နံနက်(၁၀:၀၀)နာရီ | ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ |
| (စ) | (၁၉-၃-၂၀၂၄)၊ မွန်းလွဲ (၁၃:၀၀)နာရီ | သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ |

၅။ လေလံလျှောက်လွှာစည်းကမ်းချက်များကို .သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ရယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၉-၄၂၈၇၁၈၄၄၂နှင့် ၀၉-၂၅၅၉၁၅၀၇၇ များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ ပထမအကြိမ် လေလံအောင်မြင်ခြင်းမရှိပါက လေလံစနစ်ဖြင့် အဆင့်ဆင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/4982၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၃၈၆၀, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၅/ကဘလ(နိုင်)၁၄၃၁၇၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စယ/၄၅၆၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၅/ဒပယ(နိုင်)၀၄၁၇၇၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (ရွှေဘို)**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်းဥပဒေ ၂၂)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၁ နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

ဒေါ်ခင်ခင်ဝင့်အောင် **နှင့်** ဦးရဲတင့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂၀/ထ/A)၊ မဥ္ဇူလမ်း၊ ပါရမီနေ တရားရှုံး ဦးရဲတင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ် ၅၁ တွင် ကျန်ရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်ခင်ဝင့်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မတ်လ ၂၂ ရက် (၁၃၈၅ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံး တော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ မတ်လ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဂဂ-၂၊ ဦးပိုင်အမှတ်(၃၆)ခဲစင်းမြောက်ဘက်ခြမ်း/၅၉x၆၀ကြား၊ Bလမ်းနှင့် အနော်ရထာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအဆောင်(ခ) ဦးကျော်ဝင်း ၁၃/ကတန(နိုင်)၀၂၅၀၀၉၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၅၀၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စောဥမ္မာဇော် ၉/မရတ(နိုင်)၀၀၈၃၇၀ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပြည်တော်အေး/မြိုင်သာယာကွက်သစ်၊ ဖွံ့ဖြိုးရေးလမ်းကျောကပ်၊ မြေကွက်အမှတ် ၁၂၀၉၊ အလျား (၄၀ ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဦးဟန်လင်းထက် အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များအရ မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့် ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်(ခ)ဦးမောင်မောင်ဟန် ၁၂/ကမရ(နိုင်)၀၀၀၀၆၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သူရ(မြောင်းမြ)** **ဦးဇေယျာထွန်း(LL.B)**
**LL.B,A.G.T.I(EP),D.B.L,D.M.L** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင်(LL.B)** **ဦးစိုးလွင်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)**

**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပြည်တော်အေး/မြိုင်သာယာကွက်သစ်၊ ဖွံ့ဖြိုးရေးလမ်း၊ မြေကွက်အမှတ်- ၁၁၉၇နှင့် မြေကွက်အမှတ်-၁၁၉၈၊ တစ်ဆက်တည်းရှိမြေကွက်(၂)ကွက်နှင့် မြေကွက်အမှတ်-၁၂၁၀နှင့် မြေကွက်အမှတ်-၁၂၁၁ တစ်ဆက်တည်းရှိ မြေကွက်(၂)ကွက်၊ စုစုပေါင်းမြေကွက် (၄)ကွက်၊ မြေကွက်(၁)ကွက်လျှင် အလျား(ပေ ၄၀xအနံပေ ၆၀)စီအကျယ်အဝန်းရှိ ဒေါ်ကျင်မြအမည်ပေါက်ပါမစ် မြေအမျိုးအစား မြေကွက်(၄)ကွက်အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များအရ မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်(ခ)ဦးမောင်မောင်ဟန် (၁၂/ကမရ(နိုင်)၀၀၀၀၆၅)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်(၄)ကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်(၄)ကွက်၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမောင်မောင်သူရ (မြောင်းမြ)** **ဦးဇေယျာထွန်း (LL. B)**
**LL. B, A.G.T.I (EP), D.B.L, D.M.L** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင် (LL. B) (စဉ်-၈၈၆၁)** **ဦးစိုးလွင်ဦး (LL. B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁ ၈၄၀၄၂ ၊ ၀၉-၇၃ ၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ် ကွက်အမှတ်-၁၀ မြို့မမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အ မှတ်(ပ-၃၃၇၁၂)ကိုအမည်ပေါက် ဦးဖြိုးဝေမြင့်(ဘ)ဦးခင်မောင်မြင့် ၉/မခန(နိုင်) ၁၄၉၀၉၃မှ ဒေါ်ခင်လေးသွဲ့ (ဘ)ဦးအောင်မြင့် ၉/သစန(နိုင်)၁၂၂၉၂၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်)မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်တင်တင်အေး ၁၂/အစန(နိုင်)၁၃၂၅၁၇ (ဘ)ဦးအောင်ခင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၆၀၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၂၁၃၉/၂၀၂၂ (၃၀-၅-၂၀၂၂)ဖြင့်မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ရီရီမြင့် ၁၂/အစန(နိုင်)၀၁၀၂၅၇ (ဘ) ဦးလှရှင်မှ ဒေါ်ခင်လေးသွဲ့ ၉/သစန(နိုင်)၁၂၂၉၂၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၁၈၇)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးငွေထွန်း ၁၂/သဃက(နိုင်)၁၃၅၉၈၁ သည် သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(၁၂/က)၊ ငါးလွှာ(ခေါင်းရင်းဘက်ခန်း)ကို လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ဒေါ်ရီရီခိုင် ၇/ ပတတ(နိုင်) ၀၃၆၁၈၈ထံမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ယနေ့ကြေညာသည့်ရက်မှစ၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်သူဝင်း(LL.B)** **ဦးသိမ်းထူး(B.A.,H.G.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၆၄၀)** **အထက်တန်းရှေ့နေ(စဉ်-၁၃၅၄၉)**

**အမှတ်(၈၁)၊ ရတနာမဥ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၂၁၆၅၁၉၊ ၀၉-၇၈၁၈၄၆၂၉၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/9659 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ နွားခြံကုန်းအုပ်စု၊ ကုန်းသာရွာနေ မချမ်းမြေ့ဦး၏ဖခင် ဦးအေးသန်းစိုး(ခ)ဦးသန်းစိုး ၇/ပတတ(နိုင်)၀၂၈၀၀၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကျော်ကျော် ၈/ရစက(နိုင်) ၂၅၅၃၈၏ နိုင်ငံကူးလက်မှတ် MH-693396မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၉၉၀၁၆၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/3810 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)၊ Brilliance Mansion Condominium၊ Building(R2)၊ Basement+RC(၁၂)ထပ် ကွန်ဒိုတိုက်ခန်း အဆောက်အအုံ၏ (၉လွှာ)၊ အခန်းအမှတ် (၀၉-၀၈)၊ ဧရိယာ(၉၂၉.၁၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်း ကွန်ဒိုတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော RED ROOF INVESTMENT DEVELOPMENT CO.,LTD(ကိုယ်စား) Assistant Manager ဖြစ်သူ ဒေါ်သင်းနုနုနိုင်(၁၃/တကန(နိုင်)၃၀၅၉၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မာလာခိုင်(၁၂/လမတ(နိုင်)၀၀၀၃၂၉)၊ ဦးမောင်ကျော်လင်းကို (၁၄/ရကန(နိုင်)၀၀၀၉၅၆)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မာလာခိုင်၊ ဦးမောင်ကျော်လင်းကိုတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော် LL.B.D.B.L,D.I.L,D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၁၂၀၊ မြေကွက်တည်နေရာအမှတ်-၁၁၂၀၊ မင်းရဲကျော်စွာလမ်းမ၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ခင်မော်မော် (၁၂/ဥကမ(နိုင်)၀၃၁၈၉၇) အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မော်မော် (ဇနီး)သည် ၃၁-၇-၂၀၂၁ရက်တွင် ကွယ်လွန်ခဲ့သဖြင့် (ခင်ပွန်း) ဦးသိန်းဝင်း (၁၂/ဥကမ(နိုင်)၀၃၁၈၉၆) (Passport No. MD 345168)ထံမှ စင်ကာပူနိုင်ငံ သံရုံးတွင် (၁၉-၁၁-၂၀၂၁)ရက်တွင် GP ရရှိသူ ဦးတင်ထူးလှိုင် (၁၂/လမတ(နိုင်)၀၀၁၀၆၄)မှ နှစ် (၆၀) ဂရန်အမည်ပေါက်၏ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ပါဝါ၊ ပါဝါကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် RC ၂ ထပ်တစ်လုံးရှိပြီး ပါဝါပေးသူ၏ ကုမ္ပဏီရုံးခန်းဖွင့်ထားပါသည်။ ကွင်းဆင်းသည်ကို သိရှိကြောင်း GP ဦးတင်ထူးလှိုင်မှ လက်မှတ်ရေးထိုးပေး ပါသည်။ သို့ဖြစ်ပါ၍ GP ဦးတင်ထူးလှိုင်မှ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂/တိုးချဲ့) ရပ်ကွက်၊ ဦးဝိစာရလမ်းမကြီး၊ တိုက်အမှတ် (၁၉၅)၊ အခန်း- တတိယထပ် (၄လွှာ) (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၇ပေ × ၅၁ပေ) အမြင့် (၉ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေဇင်ဝင်း (၁၂/အလန (နိုင်) ၀၃၄၆၅၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L.,** **LL.B,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## ၂၀၂၄ ခုနှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)
## အမှတ်စဉ် (၁၁/၂၄) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ်(၁၁/၂၄)သင်တန်းကို ပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၄ ခုနှစ်၊ ဇွန် ၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ စိတ်ပညာ၊ အဏ္ဏဝါသိပ္ပံ၊ ကုန်ထုတ်ဓာတု၊ Microbiology၊ Biotechnology၊ Biochemistry၊ Environmental Studies၊ Geology၊ B.A(မြန်မာမှု)၊ B.A(ရသ)၊ B.A(ဂီတ)၊ B.A(သဘင်)၊ B.A(ပန်းချီ)၊ B.A(ပန်းပု)၊ B.Sc(Sport)၊ B.Econ(Stats)၊ B.Com)ရရှိပြီးသူဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အသက်(၃၅) နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် (၄၀)နှစ်ထက်မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ်(၁၁/၂၄)သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ ပညာရေးဆိုင်ရာ ဗဟုသုတရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရမည့်ရက်အား သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ကြေညာမည်။

(င) ကျန်းမာရေးကောင်းမွန်၍ ဆရာ့တာဝန်ထမ်းဆောင်နိုင်ပြီးမည်သည့်ပညာရေး ဒီဂရီကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူမဖြစ်ရပါ။

(ဇ) သင်တန်းတက်ရောက်နေစဉ် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုများ နေ့စဉ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ ရွေးချယ်ခံရသည့် သင်တန်းသူသည် ကိုယ်ဝန်ဆောင်ခြင်းမရှိရပါ။

၃။ သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုး ရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ မတ် ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်လွှာ တင်ရမည့် ပညာရေးဒီဂရီကောလိပ်တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်တစ်ခုကို ကိုယ်စားပြု၍ လျှောက်ထားရမည်။ နေပြည်တော်ကောင်စီနယ်မြေအတွက် တောင်ငူပညာရေးဒီဂရီကောလိပ်တွင် လျှောက်ထားနိုင်သည်။ ပညာရေးဝန်ကြီးဌာန(သို့မဟုတ်) ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်း မပြုရ။

၅။ လျှောက်လွှာနှင့်အတူ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ထားသည့် တက္ကသိုလ်ဝင် အောင်မြင်သည့် အထောက်အထား(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)နှင့် (၆) လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂) ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်း မရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးဒီဂရီကောလိပ်အသီးသီးတွင် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆို ရမည့်ရက်ကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လူတွေ့ဖြေဆို အောင်မြင်သူများသာ တက်ရောက်ခွင့်ရမည်ဖြစ်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းနှင့် ဘွဲ့ရရှိမှုအထောက်အထား(မူရင်း) တင်ပြနိုင်ရမည်။

၉။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သင်တန်းပြီးစီးအောင် တက်ရောက်ရမည်။ မူလတန်းဆရာအတတ်ပညာလက်မှတ်ရရှိပြီးနောက် လက်ထောက်မူလတန်းပြအဖြစ် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးရမည်။

၁၀။ သင်တန်းပြီးစီးအောင် မတက်ရောက်ခဲ့လျှင်သော်လည်းကောင်း၊ ခန့်ထားခြင်းခံရသော အခြေခံပညာကျောင်းများတွင် တာဝန်မထမ်းဆောင်ခဲ့လျှင်သော်လည်းကောင်း သတ်မှတ်လျော်ကြေး (၅)သိန်းကျပ်နှင့် အတူလစဉ်ထောက်ပံ့ကြေးကို ပြန်လည်ပေးလျော်ရမည်။

**ဆရာအတတ်ပညာဦးစီးဌာန**

**ရက်စွဲ၊၂၀၂၄ ခုနှစ်၊ မတ်လ ရက်**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း
အမှတ်စဉ် (၁၁/၂၄) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူအမည်________________
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်________________
၃။ ဖခင်အမည်________________
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်________________
၄။ မိခင်အမည်________________
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်________________
၅။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ________________
၆။ မွေးသက္ကရာဇ် ________ ခုနှစ်၊ ________ လ၊ ______ ရက်၊
အသက်(     )နှစ်၊ (     )လ
၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာနနှင့်ခုနှစ်________
________________
၈။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ________________
၉။ ဝန်ထမ်းဖြစ်ပါကလက်ရှိတာဝန်ထမ်းဆောင်နေသည့်ရာထူး၊ ဌာန__
________________
၁၀။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်________________
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်________________
၁၁။ လက်ရှိနေရပ်လိပ်စာ၊ဖုန်းနံပါတ်________________
________________
၁၂။ ဆက်သွယ်ရန်နေရပ်လိပ်စာ၊ဖုန်းနံပါတ်________________
________________

၁၃။ သင်တန်းပြီးဆုံး၍ လက်ထောက်မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

၁၄။ သင်တန်းတက်ရောက်စဉ် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုများ နေ့စဉ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ ရွေးချယ်ခံရသည့် သင်တန်းသူသည် ကိုယ်ဝန်ဆောင်ခြင်းမရှိရပါ။

၁၅။ ရေးဖြေနှင့် လူတွေ့စာမေးပွဲရမှတ်အရ အိပ်ဆောင်ဦးစားပေးချထားခြင်းကို သိရှိပါသည်။ အကယ်၍ ဝင်ခွင့်ရရှိပြီး အိပ်ဆောင်မရပါက ပညာသင်ထောက်ပံ့ကြေးခံစားကာ ပြင်ပမှ နေ့သင်တန်း တက်ရောက်လိုခြင်း ရှိ/မရှိ ________________

လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊__________လ၊________ရက်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## ပြည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊တရားမကြီးမှုအမှတ်-၁၅

ဦးကြည်စိုးဦး နှင့် ၁။ ဦးအေးကြည်
၂။ ဒေါ်ခင်ဝင်း
၃။ ကိုကျော်စွာဝင်း
၄။ မစန္ဒာဝင်း
(တရားလို) (တရားပြိုင်များ)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ သဲကုန်းကျေးရွာအုပ်စု၊ ဆင်ပိုက်ကျေးရွာနေ (၃)တရားပြိုင် ကိုကျော်စွာဝင်းနှင့် (၄)တရားပြိုင် မစန္ဒာဝင်း (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုဦးကြည်စိုးဦးက အိမ်ခြံမြေအရောင်းတန်ဖိုး ကျပ်သိန်း(၅၀)ရလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၄ခုနှစ်၊ မတ်လ(၂၂)ရက် ၊ ၁၃၈၅ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် အထက်အမည်ပါသူများ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များ ကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ မတ်လ ၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းဇော်(ဘ)ဦးလှိုင်ကို ၁၂/ထတပ(နိုင်) ၁၁၉၉၅၄၏ နိုင်ငံကူးလက်မှတ် အမှတ်(ME/128642)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၄၉၉၄၇၂**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်နေ ထက်ဝေ ဠွန်(ဘ)ဦးတိုင်ချင်းလွင် ၁၂/ဗတထ(ပြု) ၀၀၀၂၁၁၏ နိုင်ငံကူးလက်မှတ်အမှတ်( M 375305)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၅၀၈၄၂၂၃**

## အမည်ပြောင်း

အမှတ် (၁၄)၊ နယ်မြေ (စိန်ဂွန်းကပက) Grade-12 တွင် ပညာသင်ကြားနေသော ကျောင်းသား မောင်ရဲရန်ခ၏ ဖခင်အမည်မှန်မှာ ဦးဖြိုးရာဇာထွန်း၊ အမိအမည်မှန်မှာ ဒေါ်လှိုင်နွယ်မြင့်ဖြစ်၍ မွေးသက္ကရာဇ်မှာ ၃-၄-၂၀၀၆ ဖြစ်ပါကြောင်း။

**ဖုန်း-၀၉-၉၆၃၆၇၈၁၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေရီယာ (၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၄၀၉(ဘီ)၊ ဦးအောင်မျိုးဇော် (ဘ)ဦးအောင်ခင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးကောင်းဆက် ၁၂/ဒဂတ(နိုင်)၀၇၂၆၃၂ (ဘ)ဦးမြတ်သူမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၂၆/၂၀၂၃ (၂၈-၉-၂၀၂၃)တင်ပြ၍ ဒေါ်မာလာမျိုးစိန် ၁၂/ဒဂန(နိုင်)၀၀၇၀၆၆ (ဘ)ဦးမျိုးစိန်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/87137, Kamax 110 K.2 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်းလတ် ၉/ပသတ(နိုင်)၁၅၁၉၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံ**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြေကွက်အမှတ် ၃၈၇/က+၃၈၇/ခ၊ အိမ်အမှတ်၃၈၇(က+ခ)ပေါ် တွင်ဆောက်လုပ်ထားသော ၂ခန်းတွဲ ၈ ဦ တိုက်၏ သတ္တမထပ် (၈)လွှာ၊ (တိုက်ရှေ့မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)၊ ဧရိယာ(၇၉၉ စတုရန်းပေ) ကျယ်ဝန်းသော မီနီကွန်ဒို တိုက်ခန်းနှင့် ယင်းမီနီကွန်ဒိုတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်မြမြစန်း (၁၂/ဗတထ(နိုင်)၀၂၁၉၁၄)**ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် (**ဦးဇော်မင်းဟန် ၆/မအရ(နိုင်)၀၀၀၂၈၂)**နှင့်၎င်း၏ဇနီး **ဒေါ်ယုသဥ္စာလွင် (၁၂/မရက(နိုင်)၁၃၆၆၁၆)**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မီနီကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းဟန် နှင့် ဒေါ်ယုသဥ္စာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၀-၁၂-၂၀၂၄)ရက်စွဲပါ စာမျက်နှာ(၂၇)၊ မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ပုဗ္ဗသီရိမြို့၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ညီခင်(ကိုယ်ပိုင်အမှတ်-၇၈၉၄၀၄)ကွယ်လွန် အမည်ပေါက် မြေကွက်အမှတ်၊ ပစ(C)၄၄၁၂ ကို အမွေခံအစ်ကိုဖြစ်သူ ဦးညီလွင် ၉/ပမန(နိုင်) ၀၇၃၂၅၁အစား ဦးညီလွင် ၉/မမန(နိုင်) ၀၁၁၉၉၂ အမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားခြင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

